ကြေးမုံ
The Mirror
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၇ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်၊ အင်္ဂါနေ့၊ (11-8-2015) (၈၂၈၉)

**မေတ္တာသည် ရန်ကင်းငြိမ်း၏**

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်မြို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး

နဝင်းတာကို ထူးကဲမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရန်အတွက် အမြင့်ပေကို တိုးမြှင့်တည်ဆောက်ပေးရမည်၊ နဝင်းချောင်းအနီးရှိ လှော်သော့ချောင်းမှတစ်ဆင့် ရေလျှံမှုမဖြစ်ပွားစေရန် ရေဘေးကာကွယ်ရေးတာများ အသစ်ဆောက်လုပ်သွားရမည်။

သတင်း စာမျက်နှာ » ၃

# ရေဘေးသင့်ပြည်သူများအတွက် အဝတ်အထည်၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် လက်သုံးကိရိယာများ ဖြန့်ဝေသွားမည်

**နေပြည်တော် ဩဂုတ် ၁၀**

ရေကြီးရေလျှံဖြစ်ပေါ်ရာဒေသများဖြစ်သည့် ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ ရေဘေးသင့်ပြည်သူများအတွက် စက်မှုဝန်ကြီးဌာနက ၎င်းတို့ စက်ရုံများမှ ထုတ်လုပ်သည့် အထည်အလိပ်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများနှင့် လက်သုံးကိရိယာများကို ထောက်ပံ့ပေးရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ရေဘေးသင့်အိမ်ထောင်စုတွေအတွက် ထောက်ပံ့ပေးနိုင်ဖို့ အထည်အလိပ်ပစ္စည်း ၁၀ မျိုးနဲ့ မီးဖိုချောင်သုံးပစ္စည်း ခြောက်မျိုး စုစုပေါင်း ၁၆ မျိုးပါတဲ့ အထုပ်တစ်ထုပ် (တစ်ယူနစ်)စီကို ပြင်ဆင်ဆောင်ရွက်ထားပါတယ်။ ဒီပစ္စည်းတွေထဲက အထည်အလိပ်ပစ္စည်း ၁၀ မျိုးမှာဆိုရင် ဖလန်ထည်ရှပ်လက်ရှည်၊ ပန်းရိုက်ရှပ်လက်တို၊ ရှပ်ရှည်ဖြူစတစ်ကျားဝတ်ဘောင်းဘီ၊

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❐

## ညောင်တုန်းမြို့၌ ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းစပြုနေ

**ညောင်တုန်း ဩဂုတ် ၁၀**

ဧရာဝတီမြစ်ရေသည် ညောင်တုန်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေအထက် လေးပေအကျော် ၂၆ ဒသမ ၇ ပေသို့ ရောက်ရှိနေရာမှ ဩဂုတ် ၉ ရက် မွန်းတည့် ၁၂ နာရီမှ စတင်၍ ပြန်လည်ကျဆင်းနေလျက်ရှိရာ ဩဂုတ် ၁၀ ရက် နံနက် ၆ နာရီအချိန် တိုင်းထွာချက်များအရ ၂၅ ဒသမ ၀ ပေအကျော်သို့ ပြန်လည်ကျဆင်းသွားပြီး အဆိုပါမြစ်ရေသည် ဆက်လက် ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

အဆိုပါမြစ်ရေကျဆင်းမှုကြောင့် ညောင်တုန်းမြို့နေ ပြည်သူများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများနှင့် ရေဘေးသင့်သူများ မိမိနေရပ်သို့ ပြန်လည်ပြောင်းရွှေ့ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။

**စာမျက်နှာ ၁၁ ကော်လံ ၆ သို့** ❖

# ဩစတြေးလျနိုင်ငံက လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများ လေကြောင်းခရီးဖြင့် ရောက်ရှိ

သတင်း စာမျက်နှာ » ၃







ကြေးမုံစာတည်းရှုထောင့် — ၁၁-၈-၂၀၁၅၊ အင်္ဂါနေ့

# မြန်မာနိုင်ငံအတွက် ဆန်မခက်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံဖြစ်သည်။ စိုက်ပျိုးရေးဟုဆိုရာ၌ မြန်မာနိုင်ငံရှိ တောင်သူလယ်သမားအများစုမှာ ဆန်စပါးကို အဓိကစိုက်ပျိုးကြသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးမြေဧရိယာတွင် မိုးစပါး စိုက်ဧကမှာ ၁၆ သန်းကျော်ရှိသည်။ ဆန်စပါးအထွက်နှုန်းမှာ တင်းသန်း ၈၀၀ ကျော်ရှိသည်။ နွေစပါးမှာ တင်းသန်း ၂၇၀ ကျော်ရှိသည်။

သို့သော်လည်း မကြာသေးမီကဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတစ်ဝန်းရှိ စိုက်ပျိုးမြေများပျက်စီးသွားခဲ့သည်။ ယင်းတို့အထဲတွင် မိုးစပါးစိုက်ဧကများစွာလည်း ပါဝင်ခဲ့သည်။ တောင်သူလယ်သမားများမှာ မိမိတို့၏စပါးစိုက်ဧကများ ပျက်စီးဆုံးရှုံးရသဖြင့် စိတ်ပျက်လက်ပျက် ဖြစ်ကြလိမ့်မည်။

မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူအားလုံး၏ အဓိကအစားအစာမှာ ဆန်ဖြစ်သည်။ ထိုဆန်ကိုအမှီပြုနေရသည့်သူများတွင် တောင်သူလယ်သမားများသာမက တစ်နိုင်ငံလုံးရှိ ပြည်သူအားလုံးပါဝင်သည်။ ရေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးသွားခဲ့သည့် စားသုံးဆန်အတွက် နိုင်ငံသားအားလုံး စိုးရိမ်ပူပန်မှုဖြစ်ခဲ့ကြသည်။

လက်ရှိတွင် ရေဘေးသင့်ပြည်သူများအတွက် စားသုံးရန် ဆန်လိုအပ်လာသည်။ နိုင်ငံတော်နှင့် စေတနာရှင် အလှူရှင်များက စားသုံးရန်ဆန်အိတ်များကို နေ့စဉ်ပေးအပ်လှူဒါန်းနေကြသည်ကို မြင်တွေ့ရသည်။ သို့အတွက် စားသုံးရန်မခက်ဟု ထင်မြင်ယူဆမိသည်။ ပေးအပ်လှူဒါန်းထားသော ဆန်များအား ရေဘေးသင့်ပြည်သူများသို့ စနစ်တကျဖြန့်ခွဲပေးနိုင်ရန်သာ လိုအပ်သည်။

ထိုအချိန်ကာလတွင် ရေဘေးသင့်ပြည်သူများ စားနပ်ရိက္ခာမလုံမလောက်ဖြစ်နေသည်။ လာမည့်နှစ်တွင် ပြည်သူများအတွက် စားနပ်ရိက္ခာ ပြတ်လပ်မှုဖြစ်နိုင်သည် စသည်ဖြင့် မမှန်ကန်သော ကောလာဟလ သတင်းအချို့ကိုလည်း ကြားသိလာရသည်။ အမှန်တကယ်တွင် မြန်မာနိုင်ငံသည် စားနပ်ရိက္ခာပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ အထူးသဖြင့် ဆန်စပါးစားနပ်ရိက္ခာများမှာ ပေါများလှသဖြင့် နိုင်ငံအတွင်းသာမက ပြည်ပသို့ပင် တင်ပို့နေရသောနိုင်ငံဖြစ်သည်။

ရေကြီးရေလျှံဖြစ်ပွားသဖြင့် ဆန်စပါးစိုက်ဧကများ ပျက်စီးဆုံးရှုံးခဲ့သည်မှာ မှန်ကန်ပါသည်။ ရေဘေးသင့်ပြည်သူများ ဖြစ်ပွားလျှင်ဖြစ်ပွားချင်း စားနပ်ရိက္ခာ အခက်အခဲဖြစ်ခဲ့သည်မှာလည်း မှန်ကန်ပါသည်။ သို့သော် နိုင်ငံတော်နှင့် ပြည်သူများ၏ မွန်မြတ်သည့်စေတနာကြောင့် ရေဘေးသင့်ပြည်သူများ လိုအပ်သည့် စားသုံးရန်ဆန်များအား ချက်ချင်းဖြန့်ဝေပေးနေသည်ကို တွေ့ရသည်။

တစ်နိုင်ငံလုံးတွင် ရေဘေးသင့်ပြည်သူ သုံးသိန်းကျော်ရှိပြီး အဆိုပါပြည်သူများအတွက် ဆန်လုံလောက်မှုရှိသည်ဟု ကြားသိရသဖြင့် ဝမ်းမြောက်မိပါသည်။ ယခုဩဂုတ် ၇ ရက်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခန့်မှန်းဆန်စပါးလက်ကျန်မှာ ရေဘေးသင့်ပြည်သူများ အတွက် ယခုနှစ် နိုဝင်ဘာလကုန်အထိ လုံလောက်မှုရှိသည်ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

မြန်မာနိုင်ငံရှိ လူတစ်ဦး၏ ဆန်စားသုံးနှုန်းသည် တစ်နှစ်လျှင် တစ်တင်းခွဲဝင် ဆန်လေးအိတ်ရှိသည်ဟု သိရသည်။ လူတစ်ဦး စားသုံးနှုန်း တစ်ရက်လျှင် ဆန်နို့ဆီဘူး ၂ ဒသမ ၁ ဘူးဖြင့် တွက်ချက်ကြည့်မည်ဆိုပါက နိုဝင်ဘာလကုန်အထိ ပြည်သူများအတွက် ဆန်လုံလောက်မှုရှိသည့်အပြင် လက်ကျန်ဆန် တန်လေးသိန်းကျော် ရှိနေဦးမည်ဖြစ်သည်။

ယင်းမှာ လက်ရှိကာလအထိ ဆန်စုဆောင်းထားရှိမှုဖြစ်ပြီး ဩဂုတ်လမှ နိုဝင်ဘာလအတွင်း ထပ်မံထွက်ရှိလာမည့် စပါးများမှ ဆန်အမြောက်အမြား ထွက်ရှိလာဦးမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် ဆန်မခက်သည့်အပြင် ထပ်မံပိုလျှံလာဦးမည်ဖြစ်သည်။ လတ်တလောတွင် ပြည်ပသို့တင်ပို့ခြင်းကို ဆိုင်းငံ့ထားသော်လည်း ထိုကာလတွင် ပြည်ပသို့ ပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် မူလကတည်းက ဆန်ရေစပါးပေါများကြွယ်ဝသောနိုင်ငံဖြစ်ရာ ပြည်တွင်းအတွက်သာမက ပြည်ပသို့ပင် အမြောက်အမြားတင်ပို့နေသော နိုင်ငံဖြစ်ပါသည်။ ယခုတစ်ရာသီအတွက် ဆန်စပါး အထွက်ပျက်ခဲ့သော်လည်း အပိုအလျှံဆန်စပါးများရှိနေသည့်အပြင် နောင်တွင်လည်း စပါးထွက်ရှိနေသောကြောင့် ဆန်အတွက်မခက်သည့် နိုင်ငံဖြစ်ပါကြောင်း။ ။

## ပွင့်ဖြူမြို့နယ် ရေဘေးသင့် ဥပဒေရုံးဝန်ထမ်းများအတွက် အလှူငွေနှင့် ပစ္စည်းများ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် ထောက်ပံ့ပေးအပ်

**မကွေး ဩဂုတ် ၁၀**

ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် မကွေးတိုင်းဒေသကြီး ဥပဒေချုပ် ဦးဇေယျ၊ တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးကျော်ကျော်အောင်တို့နှင့်အတူ ဩဂုတ် ၈ ရက်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ဥပဒေရုံး ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့မှုအခြေအနေအား သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေဘေးသင့် ဥပဒေအရာရှိများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍အားပေးစကား ပြောကြားသည်။

ထို့နောက် အဝတ်အထည်၊ စားသောက်ဖွယ်ရာများ၊ အလှူငွေများနှင့် ရုံးသုံးသံဗီရိုတစ်လုံးတို့အား ထောက်ပံ့ပေးအပ်ခဲ့ပြီး မင်းဘူးခရိုင် ဥပဒေရုံးနှင့် မြို့နယ်ဥပဒေရုံးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဩဂုတ် ၉ ရက်က မကွေးတိုင်းဒေသကြီး ဥပဒေရုံး၌ ဖွင့်လှစ်သော ဒုတိယ မြို့နယ်ဥပဒေအရာရှိများ၏ ဥပဒေရေးရာလုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားစေရေး သင်တန်းသို့ တက်ရောက်နေကြသော သင်တန်းသား ဥပဒေအရာရှိများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့ပြီး မကွေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ တိုင်းဒေသကြီးအတွင်း ရှိ တိုင်းဒေသကြီး/ခရိုင်နှင့် မြို့နယ် ဥပဒေအရာရှိများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## မိုးရာသီသစ်ပင်စိုက်ပျိုး

**ပင်းတယ ဩဂုတ် ၁၀**

သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်သောအားဖြင့် ရှမ်းပြည်(တောင်ပိုင်း)ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ဘိုးဘွားရိပ်သာဝင်းအတွင်း ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၁၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၉ ရက် နံနက် ၇ နာရီခွဲက ကျင်းပရာ ရှမ်းပြည်နယ် စီမံကိန်းဝန်ကြီး ဦးအောင်ကျော်ညွန့်၊ ဒေသဦးစီးဥက္ကဋ္ဌ ဦးထူးကိုကို၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ဓနုစာပေနှင့် ယဉ်ကျေးမှုအသင်း၊ မြို့နယ် အထောက်အကူပြုကော်မတီ၊ သစ်ပင်ချစ်သူများ အဖွဲ့နှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၄၀၀ တို့က အပင်မျိုးစုံ ၅၀၀ ကျော်ခန့်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

ဥတုရာသီ တောကိုမှီ၏

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည်

မဲစာရင်းမှာအမည်ပါမှ မဲပေးနိုင်ကြောင်း သတိချပ်စေလိုပါသည်။ မဲစာရင်းများယွင်းမှု ရှိနေသော်လည်း မဲပေးခွင့်မဆုံးရှုံးနိုင်ပါ။ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ ၅၀(ဂ)တွင် အတိအလင်းပြဋ္ဌာန်းထားပါသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဩဂုတ် ၁၀**

**ရွှေဈေး** ၇၂၄၈၀၀ - ၇၂၅၈၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၆၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၃-၈-၂၀၁၅ ရက်နေ့မှ ၅-၈-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၄၉ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၅၁ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၅၁. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၈. ၇၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၁၂၂ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၁၄. ၂၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၃၅၆ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၉၁. ၉၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၅. ၆၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၂. ၄၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၉၀. ၆၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းများ** - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
**အနုပညာစာတည်း** - ခင်ခင်သက်
**အားကစားစာတည်း** - မေလှဲ့သင်း
**ဆောင်းပါးစာတည်း** - စန္ဒာဝင်း
**အကြီးတန်းသတင်းထောက်များ** - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်
**အငယ်တန်းသတင်းထောက်များ** - သီသီမင်း၊ အောင်ကျော်ဦး၊ ခင်ဇာလီ၊ သန့်ဇင်ဝင်း၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
**အထူးသတင်းထောက်** - စုနှင်းလှဲ့၊ သီရိ

# နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြည်မြို့ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်မြို့ ရွှေပလ္လင်မော် ရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

**နေပြည်တော် ဩဂုတ် ၁၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ရွှေပလ္လင်မော်စေတီတော်ဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်ပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။**(အောက်ပုံ)**

ထို့နောက် နိုင်ငံတော်သမ္မတက ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၆၀၀ ကျော်ရှိပြီး လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် ရွှေကူရပ်ကွက်ရှိ ရွှေကူ(၁) အခြေခံပညာမူလတန်းကျောင်း၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ရွှေကူ(၁)ရေဘေးကယ်ဆယ်ရေးစခန်းတွင် ရေဘေးသင့်ပြည်သူ ၂၉၀ ကျော်ရှိပြီး ပြည်မြို့နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်း ၁၈ ခု ဖွင့်လှစ်၍ ရေဘေးသင့်ပြည်သူများအား စောင့်ရှောက်ပေးလျက်ရှိသည်။

ဆက်လက်၍ အောင်ဆန်းပြည်သာယာ ကိုးသောင်းတိုးချဲ့ရပ်ကွက်ရှိ နဝင်းတာပေါင်သို့ရောက်ရှိပြီး ရပ်ကွက်များအတွင်းသို့ ရေဝင်ရောက်မှုမရှိစေရန် သဲအိတ်များဖြင့် နဝင်းတာပေါင်မြှင့်တင်ထားရှိမှုကို ကြည့်ရှုသည်။

ထိုသို့ ကြည့်ရှုစဉ် နိုင်ငံတော်သမ္မတအား ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက နဝင်းတာပေါင်ဆိုင်ရာ အချက်အလက်များ၊ တာပေါင်ပြန်လည်ပြုပြင်ထားရှိမှု၊ အနိမ့်ပိုင်းနေရာများတွင် သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ ထူးကဲမြစ်ရေ တက်ခဲ့မှုအခြေအနေ၊ ဇူလိုင် ၃၁ ရက်က စိုးရိမ်ရေမှတ်ရောက်ရှိခဲ့မှုအပေါ် ဒေသခံပြည်သူများ၊ တပ်မတော်သားများနှင့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်းပြီး သဲအိတ်များဖြင့် တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လက်ရှိနဝင်းတာကို ထူးကဲမြစ်ရေကြီးမှုမှ ကာကွယ်နိုင်ရန်အတွက် အမြင့်ပေကို တိုးမြှင့်တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ နဝင်းချောင်းအနီးရှိ လော့သော့ချောင်းမှ တစ်ဆင့် ရေလျှံမှုမဖြစ်ပွားစေရန် ရေဘေးကာကွယ်ရေးတာများ အသစ်ဆောက်လုပ်သွားရမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး တင်ပြကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယနေ့နံနက် ၆ နာရီတွင် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် ပြည်မြို့ရှိ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီမြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူပူဇော်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပြည်မြို့မှ ရဟတ်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

**(သတင်းစဉ်)**



## ဩစတြေးလျနိုင်ငံက လှူဒါန်းသည့် မိသားစုသုံးပစ္စည်းများ လေကြောင်းခရီးဖြင့် ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၁၀**

ရေဘေးသင့်ဒေသများအတွက် ဩစတြေးလျနိုင်ငံက လှူဒါန်းသည့် ဒေါ်လာ တစ်သန်းတန်ဖိုးရှိ မိသားစုသုံးပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်သည် ယနေ့နံနက် ၁၁ နာရီခန့်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ဆိုက်ရောက်သည်။

ဩစတြေးလျနိုင်ငံက လှူဒါန်းလိုက်သည့် မိသားစုသုံးပစ္စည်းများကို NGO အဖွဲ့အစည်းများဖြစ်သည့် World Vision နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှတစ်ဆင့် ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

"ဩစတြေးလျနိုင်ငံက လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေကို ပွင့်ဖြူမြို့နယ်မှာရှိတဲ့ ရေဘေးဒုက္ခသည်တွေကို ပို့ပေးမယ်။ ပါလာတဲ့ပစ္စည်းတွေက မိသားစုတစ်စုမှာလိုအပ်တဲ့ စောင်၊ ခြင်ထောင်၊ သွားတိုက်ဆေးကအစ အသင့်သုံးနိုင်တဲ့ပစ္စည်းတွေ ပါလာတယ်။ ကျွန်တော်တို့အဖွဲ့အစည်းအနေနဲ့လည်း အမေရိကန် PMG ကုမ္ပဏီကရတဲ့ ရေသန့်ဆေးပြားနှစ်သန်းလောက်ကို လှူခဲ့ပြီးပြီ"ဟု World Vision မှ ဦးဝင်းဇင်ဦးက ပြောသည်။

IOM မှ ဦးအောင်ကျော်သန်းက "ကျွန်တော်တို့အဖွဲ့အနေနဲ့ ဩစတြေးလျနိုင်ငံက လှူဒါန်းလိုက်တဲ့ ပစ္စည်းတွေကို ရေဘေးသင့်ဒေသတွေဖြစ်တဲ့ မြောက်ဦး၊ မင်းပြား၊ ကျောက်တော်မြို့နယ်တွေကို ပို့ပေးမယ်။ ရခိုင်မှာရှိတဲ့ ကျွန်တော်တို့အဖွဲ့တွေနဲ့ ဒေသခံတွေပေါင်းပြီး ရေဘေးဒုက္ခသည်တွေလက်ထဲ အရောက်ပို့ပေးမယ်"ဟု ပြောသည်။

ရေဘေးသင့်ဒေသများအတွက် ဩစတြေးလျနိုင်ငံက ထောက်ပံ့ရေးပစ္စည်းများကို ဩဂုတ် ၁၁ ရက်တွင် ဩစတြေးလျလေကြောင်းလိုင်းမှ လေယာဉ်ဖြင့် ထပ်မံပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - မင်းသစ်၊ ဓာတ်ပုံ - လှမိုး**

## ရခိုင်ပြည်နယ်အတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူရှင်များအနေဖြင့် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း ထောက်ပံ့လှူဒါန်းနိုင်ရန်အတွက် မေးမြန်းစုံစမ်းဆက်သွယ်နိုင်သော လိပ်စာနှင့် ဖုန်းနံပါတ်များ

| စဉ် | ပြည်နယ်/ခရိုင် | အမည် | ရာထူး | ဖုန်းနံပါတ် | နေရာ |
|---|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ | ဦးထွန်းစံအောင် | ပြည်နယ်စာရင်းစစ်ချုပ် | ၀၉၄၉၆၄၁၆၈၉၊၀၄၃-၂၂၆၂၇ | ပြည်နယ်စာရင်းစစ်ချုပ် |
| ၂။ | ပြည်နယ်လဝက | ဦးခင်စော | ညွှန်ကြားရေးမှူး | ၀၉၈၅၀၂၈၅၁၊၀၄၃-၂၂၆၁၄ | စစ်တွေ |
| ၃။ | ပြည်နယ်စီမံကိန်း | ဦးကံရှိန် | ညွှန်ကြားရေးမှူး | ၀၉၅၆၀၀၁၉၇၊၀၄၃-၂၃၄၆၇ | စစ်တွေ |
| ၄။ | ပြည်နယ်ပညာရေး | ဦးလှစိန်ထွန်း | ညွှန်ကြားရေးမှူး | ၀၉၄၉၆၇၄၀၅၀၊၀၄၃-၂၃၃၇၉ | စစ်တွေ |
| ၅။ | ပြည်နယ်ဆည်မြောင်း | ဦးကြည်စိုး | ညွှန်ကြားရေးမှူး | ၀၉၈၅၀၃၁၅၂၊၀၄၃-၂၃၃၀၃ | စစ်တွေ |
| ၆။ | ပြည်နယ်ထွေအုပ် | ဦးမြင့်လွင် | ညွှန်ကြားရေးမှူး | ၀၉၈၅၀၀၉၂၉၊၀၄၃-၂၃၅၈၅ | စစ်တွေ |
| ၇။ | ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ဦးမြင့်စိုး | ညွှန်ကြားရေးမှူး | ၀၉၅၆၈၀၄၆၅၊၀၄၃-၂၃၀၆၉ | စစ်တွေ |
| ၈။ | ပြည်နယ်မီးသတ် | ဦးစံရွှေထွန်း | လ/ထညွှန်မှူး | ၀၉၄၉၆၇၉၂၃၂၊၀၄၃-၂၀၆၀၅ | စစ်တွေ |

# ရွှေလီ-ကျောက်ဖြူ စီးပွားရေးစကြံဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေး ဆွေးနွေး

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**


**ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် ရေဘေးသင့်ပြည်သူများအား ကယ်ဆယ်ကူညီထောက်ပံ့ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ လယ်ယာကဏ္ဍ၊ ကျန်းမာရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ရွှေလီ-ကျောက်ဖြူ စီးပွားရေးစကြံဆိုင်ရာကိစ္စရပ်များနှင့် မြန်မာ-တရုတ်ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ ဦးသန့်ကျော်၊ ဒေါက်တာစန်းလွင်၊ ဦးဘုန်းဆွေနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**





# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်မောင်တင်နှင့် ဒေါ်အေးအေးမူ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

အစည်းအဝေးသို့ နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ရဲမှူးကြီး မျိုးဆွေ၊ ယာယီ ဒုတိယရဲမှူးကြီး ကျော်တေဇ၊ စစ်တွေမြို့ရှိ ဘင်္ဂလားဒေ့ရှ်ကောင်စစ်ဝန်နှင့် အဖွဲ့ဝင်တစ်ဦးတို့ တက်ရောက်ကြသည်။ ထို့နောက် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ်ရင်းက ၎င်းနိုင်ငံသား ၁၅၉ ဦးကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မွန်းလွဲ ၁ နာရီခွဲတွင် ပြန်လည်ခေါ်ဆောင်သွားသည်။

မြန်မာနိုင်ငံမှ ကယ်ဆယ်ထားသည့် လှေစီးသွားလာသူများအနက်မှ အတည်ပြုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသား စုစုပေါင်း ၅၀၁ ဦးကို လေးကြိမ်ခွဲ၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ပြန်လည်ပို့ဆောင်ပြီးဖြစ်ရာ နိုင်ငံသားစိစစ်ရန် ကျန်ရှိသူများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်က စိစစ်မှုများ ဆက်လက်ပြုလုပ်လျက်ရှိပြီး စိစစ်အတည်ပြုမှုများ ဆောင်ရွက်ပြီးစီးပါက မူရင်းနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**✳ ရေဘေးသင့်မှ**

ဆန်အိတ်များကို လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးလေဆိပ်သို့ တပ်မတော်လေယာဉ်၊ မြန်မာအမျိုးသားလေကြောင်းနှင့် ကမ္ဘောဇလေကြောင်းတို့မှ ခေါက်ရေ ငါးခေါက်ဖြင့် ဆန်အိတ်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးမျိုးစုံ၊ ကယ်ဆယ်ရေးပစ္စည်းနှင့် စားသောက်ကုန်များကိုလည်းကောင်း ပေးပို့လျက်ရှိသည်။

ထို့ပြင် ဩစတြေးလျနိုင်ငံအစိုးရမှ မြန်မာနိုင်ငံ ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းသည့် Family Kits ၉၅၂ ထုပ်မှာ ဩစတြေးလျလေတပ်မှ C-17 A လေယာဉ်ဖြင့် ရန်ကုန်လေဆိပ်သို့ရောက်ရှိပြီး ရေဘေးသင့်ဒေသများဖြစ်သည့် မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် စစ်တွေမြို့များသို့ ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ဥတုရာသီ တောကိုမှီ၏**

# ရေဘေးသင့်ပြည်သူများအတွက် လှူဒါန်းနိုင်ရန် သိရှိလိုသည့်အချက်အလက်များ စုံစမ်းမေးမြန်းနိုင်

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရေကြီးရေလျှံမှု၊ မြေပြိုမှု စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်ခဲ့ရာ အဆိုပါရေဘေးသင့်ပြည်သူများအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း အလှူငွေနှင့် ပစ္စည်းများကို မိမိတို့ကိုယ်တိုင် တိုက်ရိုက်လှူဒါန်းခြင်း(သို့မဟုတ်)သက်ဆိုင်ရာအဖွဲ့အစည်းများမှတစ်ဆင့် လှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ လှူဒါန်းနိုင်ရန် နယ်မြေဒေသများအလိုက် သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ရှိ တာဝန်ရှိသူများ၏ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို ယမန်နေ့ထုတ် သတင်းစာများတွင် ဖော်ပြပြီး ဖြစ်ပါသည်။

ယခုအခါ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့မှ သိရှိလိုသည့် အချက်အလက်များကို ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ရန်အတွက် တာဝန်ရှိသူများ၏ လိပ်စာနှင့် တယ်လီဖုန်းနံပါတ်များကို ဖော်ပြထားရှိပါသည်။

**(သတင်းစဉ်)**

**ချင်းပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးမောင်မောင်ဆန်း | အစိုးရအဖွဲ့အတွင်းရေးမှူး | ၀၉၂၄၅၀၂၂၂ |
| ၂။ | ပြည်နယ်ပြည်တွင်းအခွန်ဦးစီးဌာန | ဦးစိုးညွန့် | ပြည်နယ်အခွန်မှူး | ၀၉၅၀၆၁၆၁၀ |
| ၃။ | ပြည်နယ် အစိုးရအဖွဲ့ရုံး | ဦးနန်ဇမုန် | ဘဏ္ဍာရေးဝန်ကြီး | ၀၉၃၃၃၄၆၂၂၂ |
| ၄။ | ပြည်နယ်ကျေးလက်ဦးစီးဌာန | ဦးတမ်အောင် | ဒုညွှန်ကြားရေးမှူး | ၀၉၂၄၅၀၁၇၇ |
| ၅။ | ပြည်နယ်စိုက်/ဘဏ် | ဦးကျော်ထိန် | ပြည်နယ်ဦးစီးမှူး | ၀၉၂၆၂၉၄၉၆၉ |
| ၆။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဘာမန်ပီးပူ | ဦးစီးအရာရှိ | ၀၉၉၆၀၀၇၅၅၃၉ |

ချင်းပြည်နယ်သဘာဝဘေးဒဏ်သင့် ကူညီထောက်ပံ့ရေးဘဏ္ဍာရေးကော်မတီသို့လိပ်မူ၍ ဟားခါးမြို့ မြန်မာ့စီးပွားရေးဘဏ် အကောင့်နံပါတ်-CF-00094 နှင့် ဟားခါးမြို့ CB ဘဏ်အကောင့်နံပါတ် 0054600100022217 သို့ ပေးပို့လှူဒါန်းနိုင်ပါသည်။

**ရခိုင်ပြည်နယ်**

| စဉ် | နေရာ | အမည် | ရာထူး | တယ်လီဖုန်း |
|---|---|---|---|---|
| ၁။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဒေါက်တာအောင်ကျော်မင်း | လူမှုရေးဝန်ကြီး | ၀၄၃-၂၂၆၅၁ |
| ၂။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးကိုကိုနိုင် | တိုင်းရင်းသားရေးရာဝန်ကြီး | ၀၉၈၅၂၄၁၆၃ |
| ၃။ | ပြည်နယ်အစိုးရအဖွဲ့ရုံး | ဦးတင်မောင်ဆွေ | အစိုးရအဖွဲ့အတွင်းရေးမှူး | ၀၄၃-၂၃၆၃၈ |
| ၄။ | ပြည်နယ် လူ/ကယ်/ပြန် | ဦးမြင့်စိုး | ညွှန်ကြားရေးမှူး | ၀၄၃-၂၃၀၆၉ |
| ၅။ | မြောက်ဦးခရိုင်ခရိုင်ထွေ/အုပ် | ဦးအောင်မွန်လတ် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၄၀၂၅၂၄၀၆၄ |
| ၆။ | မောင်တောခရိုင်ခရိုင်ထွေ/အုပ် | ဦးခင်မောင်လွင် | ခရိုင်အုပ်ချုပ်ရေးမှူး | ၀၉၄၂၈၂၂၄၇၀၁ |
| ၇။ | ဘူးသီးတောင်မြို့နယ်ထွေ/အုပ် | ဦးသန်းရွှေ | မြို့နယ်အုပ်ချုပ်ရေးမှူး | ၀၉၄၉၆၅၈၅၀၁ |

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း တရုတ်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်　　ဩဂုတ်　　၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာဟုန်လျန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံရေဘေးသင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ရေရှည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ တရုတ်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံစီးပွားရေးနှင့် ယဉ်ကျေးမှုများဖလှယ်ရေး၊ အပြန်အလှန်ချစ်ကြည်ရေးခရီး လည်ပတ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဦးမော်သာထွေးနှင့် ဦးအောင်ထူးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

**နေပြည်တော်　　ဩဂုတ်　　၁၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ယခုရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၃၇ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေထုတ်လွှတ်လျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း၊ ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံ ၂၃ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီခြင်းမရှိသေးကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေထုတ်လွှတ်လျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | ရေပိုလွှဲမှရေကျော်ကျမှု(ပေ) |
|---|---|---|---|
| ၁။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၂. ၃၅' |
| ၂။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၆၀' |
| ၃။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၁၀' |
| ၄။ | ပေကြီးရေလှောင်တမံ | ၈၁၀၀ | ၁. ၃၀' |
| ၅။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၂. ၂၀' |
| ၆။ | ရာဇဂြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၃၀' |
| ၇။ | မင်းမြင်ရေလှောင်တမံ | ၁၉၀၁၀ | ၁. ၉၀' |
| ၈။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၂. ၂၀' |
| ၉။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၁. ၁၀' |
| ၁၀။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၃၀' |
| ၁၁။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၃. ၂၀' |
| ၁၂။ | ကန့်ဒေါင့်ရေလှောင်တမံ | ၇၁၉ | ၀. ၄၀' |
| ၁၃။ | ဆွာချောင်းရေလှောင်တမံ | ၂၁၆၃၅၀ | ၀. ၅၀' |
| ၁၄။ | ပသိရေလှောင်တမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၅။ | မင်းရဲချောင်းရေလှောင်တမံ | ၂၃၅၀ | ၀. ၃၀' |
| ၁၆။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၁၀' |
| ၁၇။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၀. ၃၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၀. ၈၀' |
| ၁၉။ | မဖင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၃၀' |
| ၂၀။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၈၀' |
| ၂၁။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၀. ၃၃' |
| ၂၂။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၁၀' |
| ၂၃။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၀. ၇၀' |
| ၂၄။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၀. ၆၀' |
| ၂၅။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၀. ၆၀' |
| ၂၆။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၂၀' |
| ၂၇။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၁. ၃၀' |
| ၂၈။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၆. ၂၀' |
| ၂၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၁၀' |
| ၃၀။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၆. ၄၀' |
| ၃၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၀. ၁၀' |
| ၃၂။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၄၀' |
| ၃၃။ | ငမိုးရိပ်ရေလှောင်တမံ | ၁၈၀၀၀၀ | ၀. ၂၀' |
| ၃၄။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၅' |
| ၃၅။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၅၃' |
| ၃၆။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၀. ၆၀' |
| ၃၇။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၀. ၉၀' |

**ရေပိုလွှဲမှ ရေကျော်ခြင်းမရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့် ရေလှောင်ပမာဏ (ဧကပေ) | လက်ရှိရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ရန် လိုအပ်မှု(ပေ) |
|---|---|---|---|---|
| ၁။ | ကင်းသာရေလှောင်တမံ | ၇၂ | ၅၈ | ၁. ၉၀' |
| ၂။ | မုံချောင်းရေလှောင်တမံ | ၅၂၅ | ၄၃၃ | ၁. ၇၀' |
| ၃။ | ဆင်သေရေလှောင်တမံ | ၁၄၃၀၉၀ | ၃၄၂၅၀ | ၂၆. ၁၀' |
| ၄။ | မြို့လှ(တပ်ကုန်း)ရေလှောင်တမံ | ၁၄၆၀၀ | ၇၀၂၀ | ၁၂. ၈၀' |
| ၅။ | ရေဆင်းဆည် | ၇၃၀၀၀ | ၁၈၉၀၀ | ၂၇. ၅၀' |
| ၆။ | ပေါင်းလောင်းဆည် | ၅၄၉၄၂၀ | ၅၂၄၅၃၇ | ၆. ၃၄' |
| ၇။ | ငလိုက်ဆည် | ၇၅၀၀၀ | ၄၃၁၂၃ | ၉. ၈၀' |
| ၈။ | တောက်ပြိုရေလှောင်တမံ | ၂၄၉၁ | ၁၆၂၅ | ၆. ၆၃' |
| ၉။ | ချောင်းမငယ်ရေလှောင်တမံ | ၉၁၇၇၀ | ၆၆၃၈၁ | ၉. ၃၀' |
| ၁၀။ | သဲဖြူရေလှောင်တမံ | ၈၇၁၈ | ၅၇၆၅ | ၅. ၈၅' |
| ၁၁။ | မဒန်းရေလှောင်တမံ | ၃၆၅၀၀ | ၁၇၃၂၅ | ၂၁. ၂၅' |
| ၁၂။ | ဖောင်းလောင်ရေလှောင်တမံ | ၁၂၂၅၇ | ၉၀၂၉ | ၅. ၂၅' |
| ၁၃။ | လွိုင်နန်းဖရေလှောင်တမံ | ၁၅၀၈ | ၁၃၇၄ | ၁. ၆၀' |
| ၁၄။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၂၇၃၁၆၂၅ | ၁. ၂၅' |
| ၁၅။ | ခပေါင်းရေလှောင်တမံ | ၈၇၈၅၇၀ | ၄၈၇၀၄၇ | ၃၃. ၀၀' |
| ၁၆။ | ကိုဒူကွဲရေလှောင်တမံ | ၁၄၈၃၆၄ | ၈၀၅၆၁ | ၁၃. ၁၈' |
| ၁၇။ | ရွှေလောင်းရေလှောင်တမံ | ၁၀၀၀၂၄ | ၃၅၃၇၇ | ၂၁. ၉၀' |
| ၁၈။ | စလူရေလှောင်တမံ | ၉၀၀၀၀ | ၄၈၁၆၀ | ၁၂. ၁၀' |
| ၁၉။ | ဆည်တော်ကြီးဆည် | ၃၆၂၈၅၀ | ၃၃၃၃၈၀ | ၄. ၁၀' |
| ၂၀။ | ကင်းတားဆည် | ၈၇၃၅၈၀ | ၁၉၈၉၂၄ | ၈၇. ၇၈' |
| ၂၁။ | ဇော်ဂျီရေလှောင်တမံ | ၅၁၇၈၆၃ | ၈၄၉၀၀ | ၅၉. ၀၀' |
| ၂၂။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၇၀၈၇၈ | ၀. ၄၀' |
| ၂၃။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃၉၇၄၇ | ၁. ၅၀' |

**(သတင်းစဉ်)**

# ဟသ်ာတမြို့နယ်တွင် နေ့စဉ် ရေပြန်လည်လျော့ကျ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားမည်

**ဟသ်ာတ　　ဩဂုတ်　　၁၀**

ဟသ်ာတမြို့နယ်တွင် ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ရာ ယခုအခါတွင် ရေမြင့်တက်မှု တဖြည်းဖြည်းလျော့ကျလာပြီဖြစ်ကြောင်း သိရသည်။ ရေလျော့ကျလာမှုနှင့်အတူ ကူညီကယ်ဆယ်ရေးစခန်းများ ဆက်လက်ဖွင့်လှစ်ထားပြီး နေ့စဉ် စားဝတ်နေရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများ စဉ်ဆက်မပြတ်လုပ်ဆောင်ပေးလျက်ရှိကာ ရေအလုံးစုံကျသွားလျှင်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း သိရသည်။

ဟသ်ာတမြို့နယ်တွင် ရပ်ကွက် ၂၁ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၃ အုပ်စုနှင့် ကျေးရွာပေါင်း ၈၂၀ တို့ရှိရာ ရပ်ကွက်ခြောက်ရပ်ကွက်နှင့် ကျေးရွာ ၁၆ ရွာ၊ အိမ်ထောင်စု ၁၁၂၆၆ စု၊ လူဦးရေ ၄၄၃၆၅ ဦး ရေကြီးရေလျှံမှုဒဏ်ခံရကြောင်း သိရသည်။

ယင်းမြို့နယ်အတွင်း ရေပြန်လည်ကျနေပြီဆိုသော်လည်း လက်ရှိအချိန်အထိ ရေကင်းစခန်းများကို တစ်မိုင်တစ်ခုဖြင့် ၃၂ နေရာတွင် အချိန်ပြည့်စောင့်ကြည့်လျက်ရှိသည်။

ဟသ်ာတမြို့၏ စိုးရိမ်ရေမှတ်မှာ ၄၄ ပေ ဖြစ်ပြီး ရေအမြင့်ဆုံးအနေဖြင့် ၄၈ ဒသမ ၁၅ ပေထိ မြင့်တက်ကာ ဩဂုတ် ၁၀ ရက် မွန်းတည့် ၁၂ နာရီ တိုင်းထွာချက်အရ ၄၆ ဒသမ ၄၀ ပေသို့ ကျဆင်းသွားပြီဖြစ်ကြောင်း သတင်းရရှိသည်။ **ကိုသက်(ဗိုလ်တထောင်)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး**

## ပြည်တွင်းရေးရာ

❒ ရွှေဖုံးမှ

လူငယ်ဝတ် ရှပ်တို၊ မဝတ်ဘလောက် အင်္ကျီ၊ အနံကြီးချုပ်ပြီး မလုံချည်၊ မဝတ်ပန်းရိုက်လက်တို၊ ကလေး ဝတ်စုံနဲ့ နှစ်ယောက်အိပ် ချည်ခြင် ထောင်တွေပါမယ်။ မီးဖိုချောင်သုံး ပစ္စည်းခြောက်မျိုးမှာဆိုရင် ကြွေရည်သုတ် ပန်းကန်ပြား ပုံစံတစ်မျိုးစီနဲ့ နှစ်ချပ်၊ ဇလုံနှစ်လုံး၊ ဇွန်းရှည်တစ်ချောင်း၊ စတီးမတ်ခွက်တစ်လုံးနဲ့ စတီးလ်ရေဖလားတစ်လုံး ပါပါတယ်” ဟု ယင်းဝန်ကြီးဌာနဒုတိယအမြဲတမ်း အတွင်းဝန်ဦးလှမိုးက ပြောပြသည်။



ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှမိုး။

ဆက်လက်ပြီး ၎င်းက “ကျွန်တော်တို့ ထောက်ပံ့ဖို့ တွက်ချက်တဲ့အခါ အိမ်ထောင်စုတစ်ခုကို လူဦးရေ ငါးဦးနှုန်းနဲ့ သတ်မှတ်တွက်ချက်ပါတယ်။ ဒီပစ္စည်း ၁၆ မျိုးကို တစ်ယူနစ် သတ်မှတ်ပြီးတော့ အိမ်ထောင်စု တစ်စုကို တစ်ယူနစ်စီ ထောက်ပံ့ပေးသွားပါမယ်။ ဒီနေရာမှာ ငါးဦး ထက်ပိုတဲ့ အိမ်ထောင်စုတစ်စုဆိုရင်တော့ နှစ်ယူနစ်၊ သုံးယူနစ် စသဖြင့်ပေါ့။ တကယ်လို့ ငါးဦးအောက်ရှိတဲ့ အိမ်ထောင်စုဆိုလည်း တစ်ယူနစ်ပဲ ထောက်ပံ့ပေးသွားမှာပါ။

ဒီလို ရေကြီးရေလျှံဖြစ်ပေါ်ရာ ဒေသတွေဖြစ်တဲ့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတွေမှာ ဩဂုတ် ၄ ရက်အထိ စာရင်းတွေအရ ရေဘေးသင့်အိမ်ထောင်စု ၁၄၀၃၃၉ စု ရှိတယ်ဆိုတာ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ဝန်ကြီးချုပ်တွေနဲ့ ဆက်သွယ်သိရှိရပါတယ်”ဟုလည်း ပြောကြားသည်။

နိုင်ငံတော် သမ္မတကလည်း “ကျွန်တော်တို့အနေနဲ့ ရေဘေးသင့်ပြည်သူတွေ ရေကျပြီးလို့ ကိုယ့်အိမ်ကိုပြန်တဲ့အခါ လိုအပ်ချက်တွေ အများကြီးရှိနိုင်တယ်။ စိုက်ပျိုးဖို့၊ စားသောက်ဖို့၊ နေထိုင်ဖို့ ပြန်ပြီး ဆောင်ရွက်ရမယ့်ကိစ္စတွေ အများကြီးရှိတယ်။ ဒီအတွက် ပြည်သူတွေရဲ့ လူနေမှုဘဝတွေ အချိန်တိုတိုအတွင်း မူလအခြေအနေ ပြန်လည်ရောက်ရှိအောင်သက်ဆိုင်ရာကဏ္ဍတွေအလိုက် ဆောင်ရွက်ကြပါ”ဟု ဩဂုတ် ၃ ရက်က ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှု ဖြစ်ပေါ်နေသည့် ဒေသများအား ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးဆောင်ကျင်းပသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ စက်မှုဝန်ကြီးဌာနအနေဖြင့် ရေဘေးသင့်ပြည်သူများ၏ ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သည့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးရန် စီစဉ်လျက်ရှိသည်။

ထိုသို့ ဖြန့်ဝေထောက်ပံ့ပေးရန် စီစဉ်ထားမှု အခြေအနေအပေါ် ဒုတိယအမြဲတမ်း အတွင်းဝန်က “အခုတော့ အိမ်ထောင်စု ၅၀၀၀၀ အတွက် အသင့်ထုပ်ပိုးထားရှိပါတယ်။ အရန်အနေနဲ့လည်း အိမ်ထောင်စု ၅၀၀၀၀ အတွက် ပြင်ဆင်နေပါတယ်။ တကယ်လို့ ထပ်မံလိုအပ်လာခဲ့ရင်လည်း အမြန်ဆုံးစီစဉ်ဆောင်ရွက်သွားမှာပါ။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ထောက်ပံ့ပေးဖို့ စီစဉ်ထားတဲ့ ပစ္စည်းတွေကို ရေဘေးသင့်ပြည်သူတွေဆီ လှူဒါန်းနိုင်ဖို့ သယ်ယူပို့ဆောင်ရေးက အစ စီစဉ်ထားပြီးပါပြီ။ သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို သုံးရက်အတွင်း ရောက်ရှိအောင် စီစဉ်ထားပါတယ်။

နောက်တစ်ခုအနေနဲ့ ပစ္စည်း ၁၆ မျိုးစာရင်းထဲမှာ မပါပေမယ့် ရေဘေးသင့်ပြည်သူတွေ အသုံးပြုနိုင်ဖို့ ကျွန်တော်တို့ဌာနက ထုတ်လုပ်တဲ့ ပေါက်ပြားတို့ ပုဆိန်တို့ နှစ်ဖက်ဆွဲလွှ စတဲ့ဆောက်လုပ်ရေးဆိုင်ရာ လက်သုံးကိရိယာတွေကိုလည်း ထောက်ပံ့ပေးဖို့ ပြင်ဆင်ထားတာရှိပါတယ်။ ဒါတွေကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရဲ့ လိုအပ်ချက်တွေ အပေါ်မှာမူတည်ပြီး ရရှိလာတဲ့ စာရင်းတွေအရ ထောက်ပံ့ပေးဖို့ စီစဉ်ထားပါတယ်။

ဒါ့ပြင် ဒီနေ့မှာ ကျွန်တော်တို့ဝန်ကြီးဌာနက ပွင့်ဖြူမြို့နယ်က ရေဘေးသင့်ပြည်သူတွေအတွက် ဈေးရင်းအတိုင်း ရောင်းချပေးဖို့ ဆန်အိတ် ၁၀၀ ကို ပို့လိုက်ပါပြီ။ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်ကို ဝန်ကြီးဌာနက ကျခံသွားမှာပါ”ဟု ပြောကြားသည်။

စက်မှုဝန်ကြီးဌာနမှ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ပေးအပ်မည့် ပစ္စည်း ၁၆ မျိုးပါ တစ်ယူနစ်တန်ဖိုးသည် တစ်သောင်းရှစ်ထောင် ခြောက်ဆယ့်ကိုးကျပ် ရှိကြောင်း သိရပြီး လှူဒါန်းလိုသူများအနေဖြင့် စက်မှုဝန်ကြီးဌာန အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၏ ဖုန်းနံပါတ်များ ဖြစ်သည့် ၀၆၇-၄၀၈၁၅၆ နှင့် ၀၆၇-၄၀၈၁၅၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ထို့ပြင် ရေဘေးသင့်ဒေသရှိပြည်သူများအား မြွေကိုက်ခံရပါက ကုသနိုင်ရန်အတွက် လိုအပ်သည့်မြွေဆိပ်ဖြေဆေးများကို ရန်ကုန်မြို့ရှိ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် လွတ်လပ်စွာဝယ်ယူရရှိနိုင်ပြီး ဖုန်းနံပါတ် ၀၁-၆၄၆၂၆၈၊ ၀၆၇-၄၀၈၁၄၉၊ ၀၉-၄၉၂၃၀၅၂၃နှင့် ၀၉-၄၀၂၆၇၇၇၅၄ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **မေးရေး-ညီမျိုးဟန်**
**ဓာတ်ပုံ-ညီမျိုး**



# သဘာဝဘေးဒဏ်ကျရောက်မှုကြောင့် ဆေးရုံ၊ ဆေးခန်းနှင့် ကျေးလက်ကျန်းမာရေးဌာနများ ပျက်စီးဆုံးရှုံးမှုဖြစ်ပွား

**နေပြည်တော် ဩဂုတ် ၁၀**

မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မြေပြိုမှု စသည့် သဘာဝဘေးဒဏ်ကျရောက်မှုများကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့မှ ဆေးရုံ၊ ဆေးခန်းများ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများရှိ အဆောက်အအုံများ၊ ပရိဘောဂများ၊ စက်ကိရိယာများ၊ ဆေးဝါးများနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ ဖြစ်ပွားခဲ့ရာတွင် စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ်ရှိ အိုင်တောင်၊ ကင်း၊ အုမ္မကျေးလက်ကျန်းမာရေးဌာနခွဲများ၌ ပရိဘောဂများ၊ ဒိုင်နမို၊ မီးစက်နှင့် မော်တာများ၊ ကလေးမြို့နယ်ရှိ ကြီးကုန်း ကျေးလက်ကျန်းမာရေးဌာနခွဲမှ အဆောက်အအုံနှင့် ပေါက်တော၊ ကင်ပွန်းခြုံ၊ အင်းဒင်၊ ဉယျာဉ်၊ ဇင်ကလယ်၊ တူးမာ၊ အင်တိုင်းကြီး ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆေးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ကောလင်းမြို့နယ် မြောင်းကြီးနှင့် ဝွေးတောက်တော ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ ပျက်စီးဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ တမူးမြို့နယ်တွင် အလှော်၊ မင်းသမီးနှင့် ပွတ်သာ ကျေးလက်ကျန်းမာရေးဌာနခွဲများမှာ အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မင်းကင်းမြို့နယ်တွင် ပေါက်အိုင် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ဘီလပ်မြေ ၁၅ အိတ်၊ ပေါင်းတည်၊ နန္ဒင်းကျောင်း၊ ကုန်းရင်း ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံနှင့် ကြွေကျေးလက်ကျန်းမာရေးဌာနခွဲတွင် မီးစက်ပျက်စီးခဲ့ကြောင်း၊ အင်းတော်မြို့နယ်ရှိ အင်းတော်တိုက်နယ်ဆေးရုံတွင် ဆေးရုံအုတ်နံရံပြိုကျခဲ့ပြီး ECG စက်တစ်လုံးနှင့် ဓာတ်မှန်စက်တစ်လုံး ပျက်စီးခဲ့ကြောင်း။

ပဲခူးတိုင်းဒေသကြီးရှိ ပန်းတောင်းမြို့နယ်ဆေးရုံတွင် အဲကွန်းတစ်လုံးနှင့် ရေစုပ်စက်နှစ်လုံး၊ ရွာသာယာ၊ ကျွန်းမီ ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အဆောက်အအုံများ ပျက်စီးခဲ့ကြောင်း၊ မင်းလှမြို့နယ်တွင် ရွှေလောင်းကျေးလက်ကျန်းမာရေးဌာနမှ ဆေးခန်းတံခါးပျက်စီးခဲ့ကြောင်း၊ ရွှေတောင်မြို့နယ်၊ ကျီးသဲ တိုက်နယ်ဆေးရုံတွင် အုတ်တံတိုင်းပြိုကျပြီး ပရိဘောဂများနှင့် ဆေးဝါးများ၊ ကျီးသဲကျေးလက်ကျန်းမာရေးဌာနတွင် ပရိဘောဂများ၊ ဒိုင်နမိုနှင့် မော်တာ၊ မြို့မ၊ လက်ပံပု၊ သောင်ပြင်ကုန်း ကျေးလက်ကျန်းမာရေးဌာနများတွင် အဆောက်အအုံ၊ အိမ်သာနှင့် ရေတွင်းများ ပျက်စီးခဲ့ကြောင်း၊ လက်ပံတန်းမြို့နယ် ခမုံ ကျေးလက်ကျန်းမာရေးဌာနတွင် ပရိဘောဂများ ပျက်စီးခဲ့ကြောင်း။

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်ရှိ ဘဘွင်တိုက်နယ်ဆေးရုံ၊ သံဆယ်၊ မုံညွင်း၊ ညောင်ကုန်း၊ မြေနီကုန်း၊ ကြောင်သိုက်၊ ချီ၊ ချင်ပြစ်ကိုင်းနှင့် ဘူး ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အဆောက်အအုံနှင့် ဆေးဝါးများ ပျက်စီးခဲ့ကြောင်း၊ ပွင့်ဖြူမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၌ အုတ်တံတိုင်း ပြိုကျပြီး ဓာတ်မှန်စက်၊ မီးစက်၊ အအေးသေတ္တာများနှင့် ဆေးဝါးများ၊ မုန်းစလဲ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အဆောက်အအုံ၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ ကုန်းဇောင်းတိုက်နယ်ကျန်းမာရေးဌာနတွင် ပရိဘောဂများ၊ မီးစက်နှင့် အဲကွန်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ သရက်တောနှင့် မင်းဇုံကျေးလက်ကျန်းမာရေးဌာနများတွင် ဝန်ထမ်းနေအိမ်နှင့် အိမ်သာများ ပျက်စီးခဲ့ကြောင်း၊ ဉယျာဉ်ကျစ်၊ မင်းမြေ၊ မလဲတော၊ ပေါက်ကုန်း၊ သာစည်၊ လက်ပံနွယ် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ပျက်စီးဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ ရေချမ်းစင်၊ ဆည်းမုန်း၊ ရွှေလှေနှင့် ပေတော ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ဆေးရုံ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများနှင့် ဆေးဝါးများ ပျက်စီးခဲ့ကြောင်း၊ ရေစကြိုမြို့နယ် သဒ္ဒေးကုန်းတိုက်နယ်ဆေးရုံတွင် ဆေးရုံပင်မဆောင်၊ ဆေးစတိုနှင့် ဓာတ်မှန်ခန်း၊ အုတ်ရေကန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေမြင်တင် ကျေးလက်ကျန်းမာရေးဌာန၊ သာပေါင်းမြို့နယ်ရှိ ဥသျှစ်၊ စေနံ၊ ကွင်းပေါက် ကျေးလက်ကျန်းမာရေးဌာနခွဲများ၊ ညောင်တုန်းမြို့နယ်ရှိ ပေစိ၊ ရှမ်းစု၊ ကျုံတမာ၊ ကုက္ကို၀၊ အန္တို၊ ခနာ၊ သဇင်ရေကျော်၊ ပန်းဆိပ်၊ တပေကုလား၊ ကြင်ဖော်၊ ရွာသာညွန့်၊ ရွာသာကြီး၊ ကျွန်သာဝနှင့် ရွှေဟသ်ာကျွန်း ကျေးလက်ကျန်းမာရေးဌာနခွဲများတွင်လည်း ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း။

ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်ရှိ မကြာအိမ်နူး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအမိုးနှင့် ဆေးဝါး၊ ဆေးပစ္စည်းများ၊ တီးတိန်မြို့နယ်ရှိ ဂဂင် ကျေးလက်ကျန်းမာရေးဌာနခွဲတွင် အဆောက်အအုံနေရာ မြေပြိုခဲ့ပြီး ပလက်ဝမြို့နယ်ရှိ ပိန္နဲတပင်ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအမိုး၊ ဆေးဝါးနှင့် ဆေးပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း။

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ အပေါက်ဝတိုက်နယ်ဆေးရုံအမိုး၊ လမ်းမတော် ကျေးလက်ကျန်းမာရေးဌာန အိမ်သာနှင့် ခြံစည်းရိုး၊ ဘူးသီးတောင်မြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ ရုံးနှင့်နေအိမ်၊ ဓာတ်ခွဲ၊ ဓာတ်မှန်ဆောင်၊ တီဘီဌာနနှင့် ဝန်ထမ်းနေအိမ်များ၊ တောင်ဘဇာ တိုက်နယ်ဆေးရုံ၊ ကျောင်းတောင်ပင်မ၊ ဂုပ္ပီ၊ တင်းမေ၊ ကျွန်းပေါက်၊ ပဒဂါး၊ ညောင်ချောင်း၊ စက်ခေါ်၊ သပိတ်တောင်၊ သပြေတော၊ မင်းလှကိုင်း၊ အင်ကြင်းမြိုင်၊ ဂန္ဓမာ၊ စိမ်းညွှင်းပြားနှင့် ကြည်ညိုပြင် ကျေးလက်ကျန်းမာရေးဌာနခွဲများလည်း ပျက်စီးခဲ့ပြီး ဆုံးရှုံးမှု စိစစ်ဆဲဖြစ်ကြောင်း၊ မင်းပြားမြို့နယ်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၊ မင်းရွာ၊ ပန်းမြောင်၊ ကုလားတောင်၊ ဒုံးသား၊ ကိုင်းကြီး၊ ကျောက်မော်၊ မင်းဖူး၊ ရွှေကျန်၊ ပြားချောင်း၊ ဝင်းခါး၊ ထောင့်ရှည်၊ ခြိတ်တောင်နှင့် ကြမ်းတိုက် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း၊ မောင်တောမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံတိုးချဲ့ဆောင်သစ်၊ ရုံးနှင့် နေအိမ်၊ အဆုတ်ရောဂါကုဌာနနှင့် ဝန်ထမ်းနေအိမ်များ၊ အလယ်သံကျော်တိုက်နယ်ဆေးရုံတွင် တိုးချဲ့ဆောင်အမိုးနှင့် ဝန်ထမ်းနေအိမ်များ၊ သရေကုန်တောင်၊ သံဒါ၊ ပညောင်ပင်ကြီး၊ ဘဂုံနား၊ ဝေသာလီပင်၊ ဖားဝပ်ချောင်း၊ ရွက်ညိုတောင်၊ သရက်အုပ်၊ မင်္ဂလာကြီး၊ မြင်းလွတ်နှင့် ကျောင်းတောင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံများ၏ အမိုးများပျက်စီးခဲ့ကြောင်း၊ မြောက်ဦးမြို့နယ်တွင် မြောင်းဘွေဆေးရုံ၊ ဆင်အိုးချေ၊ တိမ်ညို၊ ကန်စောက်၊ လောင်ကြက်၊ ကျွဲတဲ၊ ပြိုင်းချ၊ သင်းပန်းကိုင်း၊ မင်္ဂလာချေ၊ ကျောင်းတောင်၊ မြက်ရိတ်၊ ပျားတဲ၊ နတ်ချောင်း၊ ဗလိပြင်၊ ငမဲပြင်နှင့် ကတိုး ကျေးလက်ကျန်းမာရေးဌာနခွဲများတွင်လည်း ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း၊ ရသေ့တောင်မြို့နယ်တွင် ရေမျက်၊ အုတ်ဖိုနှင့် သဇင်မြိုင် ကျေးလက်ကျန်းမာရေးဌာနခွဲများ၏ အမိုးများ ပျက်စီးခဲ့ကြောင်း၊ အမ်းမြို့နယ်တွင် ဒါးလက်ဆေးရုံ၊ တပ်တောင်တိုက်နယ်ဆေးရုံ၊ စခန်းမော်၊ ဒါးလက် ကျေးလက်ကျန်းမာရေးဌာနများ၊ လုံးကျေး၊ ဂယ်လောင်း၊ ဒိုင်၊ တိုက်မော်၊ ကစူးကိုင်း၊ ဇရပ်ကွင်း၊ ကွေရှည်၊ နန်းရာကုန်းနှင့် ဒုက္ကံ ကျေးလက်ကျန်းမာရေးဌာနခွဲများ ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်း။

ရှမ်းပြည်နယ် တာချီလိတ်မြို့နယ်ရှိ မိုင်းပါလျှိုးကျေးလက်ကျန်းမာရေးဌာန ပျက်စီးခဲ့ရာ ဆုံးရှုံးမှုစိစစ်ဆဲဖြစ်ကြောင်းနှင့် အဆိုပါ ပျက်စီးဆုံးရှုံးခဲ့မှုများအပေါ် ပြန်လည်ပြုပြင်ဆောက်လုပ်ရန်နှင့် ဖြည့်ဆည်းပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပတ္တမြား FM မိသားစုက ချင်းပြည်နယ် ရေဘေးသင့်ဒေသများသို့ ထောက်ပံ့ပစ္စည်းများ ပေးပို့လှူဒါန်း

**ရန်ကုန် ဩဂုတ် ၁၀**

မြန်မာနိုင်ငံအတွင်း ရေကြီးရေလျှံမှုများကြောင့် တွေ့ကြုံခံစားနေရသည့် ရေဘေးသင့်ပြည်သူများအတွက် စေတနာရှင်ပြည်သူများ၊ အဖွဲ့အစည်းများက စဉ်ဆက်မပြတ် လှူဒါန်းလျက်ရှိရာ ပတ္တမြား FM မိသားစုကလည်း ဩဂုတ် ၈ ရက်တွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းမှတစ်ဆင့် ဟားခါးနှင့် ကလေးမြို့များသို့ ထောက်ပံ့ရေးပစ္စည်းများ၊ စားသောက်ကုန်များ ပေးပို့လှူဒါန်းသည်။ ထိုသို့ ပေးပို့လှူဒါန်းရာတွင် ဟားခါးမြို့သို့ဆန်အိတ် ၁၀၀၊ ခြုံစောင်အထည် ၁၁၀၊ ကုလားပဲ ပိဿာ ၁၂၀၊ ဆား ပိဿာ ၅၀နှင့် အဝတ်အထည်များ၊ ကလေးမြို့သို့ ဆန်အိတ် ၁၀၀၊ ကုလားပဲ ပိဿာ ၉၀၊ ဆားပိဿာ ၅၀၊ စူပါကွေကာအုပ် ၁၀ဖာ၊ ဘီဘီအိုင်ဓာတ်အား အထုပ်သေး ၂၅၀၀နှင့်ရေသန့်ဆေး နှစ်ဖာ၊ ၁၅ ပေပတ်လည်ရှိ တာပေါ်လင်စ ၃၄၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။ ပတ္တမြား FM မိသားစုက ရေဘေးသင့်ပြည်သူများကို လိုအပ်သည့် ကူညီထောက်ပံ့မှုများဆောင်ရွက်ရန် ဇူလိုင် ၂၈ရက်မှ ဩဂုတ် ၄ ရက်အထိ FM ပရိသတ်များ၊ စေတနာရှင် ပြည်သူများ ပူးပေါင်းပါဝင် ကုသိုလ်ယူနိုင်ရေးအတွက် အလှူငွေများကို ကောက်ခံခဲ့ပြီး ရရှိလာသည့် အလှူငွေ ၁၅၆ သိန်းကျော်နှင့်ပတ္တမြား FM မှ ထည့်ဝင်ငွေ ၁၅၆ သိန်းကျော် စုစုပေါင်း ၃၁၂ သိန်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေး၊ မုံရွာမြို့နယ်ရှိ ကျေးရွာများ၊ ချင်းပြည်နယ်ရှိ ဟားခါးနှင့်တွန်းဇံ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့်ဧရာဝတီတိုင်းဒေသကြီးတို့မှ ရေဘေးသင့်ပြည်သူများသို့ လှူဒါန်းမှုများပြုလုပ်လျက်ရှိကြောင်းသိရသည်။ **ကိုပိုင်(ပတ္တမြား)**

ကူညီထောက်ပံ့မှုများ

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်နှင့် အဖွဲ့ ဟင်္သာတရေဘေးသင့်ပြည်သူများအား အလှူငွေနှင့် ပစ္စည်းများလှူဒါန်း

**ဟင်္သာတ ဩဂုတ် ၁၀**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန် ဦးဆောင်သော စေတနာရှင်အဖွဲ့သည် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့သို့ ရောက်ရှိပြီး ဟင်္သာတမြို့နယ်အတွင်းရှိ ရေဘေးသင့်မိသားစုများအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

အဆိုပါ လှူဒါန်းပွဲအခမ်းအနားကို ဆည်မြောင်းရိပ်သာ မြနဒီခန်းမ၌ ကျင်းပပြီး အခမ်းအနားတွင် ဟင်္သာတမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးငွေးဦးက မြို့နယ်အတွင်း ရေကြီးနစ်မြုပ်နေမှုများ၊ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် နေရာဒေသအသီးသီးတို့မှ လာရောက်လှူဒါန်းကြသော စေတနာရှင်၊ အလှူရှင်များအားလုံးကို ဟင်္သာတမြို့နယ် ပြည်သူများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခဒေါက်တာ အရှင်ဓမ္မသာမိက လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းမိန့်ကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီများထံသို့ ဒေါ်နန်းရွှေမှုန်နှင့် စေတနာရှင်များက အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

**ခရိုင်(ပြန်/ဆက်)**





# ကံမမြို့နယ်တွင် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့လှူဒါန်း

**ကံမ ဩဂုတ် ၁၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် ဧရာဝတီမြစ်ရေဝင်ရောက်ခြင်းခံရသော မြို့ပေါ်ရပ်ကွက်များနှင့် ဧရာဝတီမြစ်ကမ်းတစ်လျှောက်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား အနယ်နယ်အရပ်ရပ်မှ စေတနာရှင်အလှူရှင်အသီးသီးက လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက 4 TV နွေးထွေးသော ကမ်းလက်များအဖွဲ့နှင့် မြို့နယ်မှ အလှူရှင်များက ငွေကျပ် ၁၈၄ သိန်းတန်ဖိုးရှိ ဆန်နှင့် မီးဖိုချောင်သုံးပစ္စည်းများလှူဒါန်းခဲ့သည်။

အလားတူ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ ကြာဖြူပွင့်ပရဟိတ လူငယ်အသင်း**(အပေါ်ပုံ)**ကလည်း ငွေကျပ် ၁၀၅ သိန်းတန်ဖိုးရှိ ဆန်အိတ် ၁၀၀၊ ငါးသေတ္တာဘူး ၂၅၀၀၊ ခေါက်ဆွဲခြောက်များ၊ရေသန့်ဘူးများ နှင့် အဝတ်အထည်များ အစရှိသည့် လိုအပ်သောအသုံးအဆောင်ပစ္စည်းများအား ရေဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ကူညီထောက်ပံ့ လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကျော်ဇေယျဝင်း(IPRD)**

# မြန်အောင်မြို့နယ်ရှိ ရေဘေးသင့်အိမ်ထောင်စုများအား တပ်မတော်မိသားစုဝင်များ ထောက်ပံ့လှူဒါန်း

**မြန်အောင် ဩဂုတ် ၁၀**

ရေဘေးသင့် အိမ်ထောင်စုများအတွက် တပ်မတော်မိသားစုဝင်များနှင့်ပရဟိတလုပ်ငန်းအလှူရှင်များက စုပေါင်း၍ ဆန်၊ ဆီ၊ ရေသန့်ဘူးများ၊ အစားအစာနှင့် အဝတ်အထည်၊ ဆေးဝါးပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ဩဂုတ် ၉ ရက်က




ဧရာဝတီရေတပ်စခန်းဌာနချုပ်လက်အောက်ရှိ အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ တင့်ကားတင်ကမ်းထိုးရေယာဉ် 1611 ဖြင့် စစ်ရေယာဉ်မှူး ဗိုလ်မှူးစိုးထွန်းဝင်း ဦးဆောင်၍ မြန်အောင်မြို့သို့ ရောက်ရှိပြီး မြန်အောင်မြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ စားသုံးဆီ၊ ရေသန့်၊ ခေါက်ဆွဲခြောက်၊ နို့မှုန့်၊ အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများ လာရောက်လှူဒါန်းရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းက ရေဘေးသင့်ပြည်သူများကိုယ်စားလက်ခံရယူခဲ့ကြောင်း သိရသည်။

**ဝင်းဘို(ပြန်/ဆက်)**

# မင်းဘူးဒေသတွင် စာနာစိတ်ဖြင့် ပါဝင်ကူညီလှူဒါန်း

ရေဘေးသင့်ပြည်သူများအတွက် နိုင်ငံတော်အစိုးရက ဦးဆောင်၍ တပ်မတော်၊ ပြည်သူ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်တွင်းပြည်ပ အကူအညီများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကျရောက်ချိန်တွင် မင်းဘူးခရိုင် လယ်ကိုင်းဒေသ သဘာဝဘေးဒဏ်ခံပြည်သူများကို စာနာစိတ်အပြည့်ဖြင့် လူငယ်လူကြီး လူတန်းစားအသီးသီးမှ လှူဒါန်းကူညီကြသည်ကိုလည်း အားရဖွယ်တွေ့မြင်ခဲ့ရသည်။

**ဦးအောင်သက်ပိုင်**
**မကွေးတိုင်းဒေသကြီး**
**သတင်းစာဆရာများအသင်း ပြန်ကြားရေးမှူး**

ဆက်သွယ်ရေးခက်ခဲတဲ့ ရေဘေးသင့်ကျေးရွာတွေကို အလှူရှင်တွေနဲ့တွေ့ဆုံဆက်သွယ်ပေးပါတယ်။ ရေဘေးသင့် ဒေသအရောက်အလှူရှင်တွေကို လိုက်လံပို့ဆောင်ပေးပါတယ်။ လမ်းပေါက်တဲ့ဒေသတွေမှာတော့ အလှူရှင်တွေ အနယ်နယ်အရပ်ရပ်က ဝိုင်းလှူကြတာ ပိုလျှံလို့တောင်နေပါတယ်။ ကြက်သီးထလောက်စရာ၊ မျက်ရည်ကျလောက်စရာလှူဒါန်းမှုကြီးပါပဲ။ အခုလည်း ပွင့်ဖြူမြို့နယ်မြေပုံမှာရှာမတွေ့မိသေးဘူး။ မြေပုံမှာ ပါပါ၊ မပါပါ ဒုက္ခရောက်နေတာအမှန်မို့ အဲဒီရွာကိုသွားမှာပါ။ အလှူရှင်လည်းရောက်လာနေပါပြီ။ ပြန်လည်ထူထောင်ချိန်မှာလည်း မျိုးစပါးတွေ၊ အခြားလိုအပ်တာတွေရအောင် ဆက်သွယ်တိုက်တွန်းကူညီဦးမှာပါ။ ပရဟိတလုပ်ငန်းကို ဝါသနာပါတယ်။

**ကိုဇော်မင်းနိုင်**
**မုန်းမြင့်ကျေးရွာခွဲအုပ်ချုပ်ရေးမှူး**

ရထားလမ်းတာရိုးဟာ ကျွန်တော်တို့ရွာတွေကို ကွင်းနေတဲ့ အကာအရံပါ။ ဘယ်တုန်းကမှ ရေမကျော်ခဲ့ပါဘူး။ အခုလည်းရေမတက်နိုင်လောက်ဘူးဆိုပြီးနေခဲ့တာ။ ရေတွေ မိနစ်ပိုင်းအတွင် တရိပ်ရိပ်တက်လာပြီး မြုပ်ကုန်တော့တာပဲ။ ကိုင်းလုပ်လယ်လုပ်တဲ့ရွာဆိုတော့ စိုက်ခင်းနဲ့ကောက်ပဲသီးနှံတွေဆုံးရှုံးပါတယ်။ လယ်ယာ ကိုင်းအလုပ်သမားတွေကို အလုပ်မပေးနိုင်တော့သလို လုပ်စရာလည်းဘာမှမကျန်တော့လို့ စားဝတ်နေရေးခက်ခဲပါတယ်။ လူအသေအပျောက်မရှိပါဘူး။ ကျွဲ၊ နွား၊ ဝက်နဲ့ အိမ်မွေးတိရိစ္ဆာန်အချို့ပဲဆုံးရှုံးပါတယ်။ အခုလည်း အလှူရှင်အကူအညီရလို့ ဒီနေရာကို ရောက်လာခြင်းဖြစ်ပါတယ်။

**ဟာဂျီ ဦးစိန်ဝင်း**
**အောင်ပန်းမြို့**
**စေတနာမွန် အစ္စလာမ်လူမှုကူညီရေးအဖွဲ့**

ကျွန်တော်တို့နိုင်ငံမှာ ပြည်သူတွေရေဘေးသင့်ဒုက္ခရောက်ကြရပါတယ်။ ဒုက္ခရောက်သူကို အားလုံးက ပူးပေါင်းကူညီရပါမယ်။ အခုအောင်ပန်းမြို့ စေတနာမွန် အစ္စလာမ်လူမှုကူညီရေးအသင်းက ကားသုံးစီးစာ အစားအသောက်နဲ့ အသုံးအဆောင်ပစ္စည်းတွေလာရောက်ကူညီပါတယ်။ ရှမ်း(တောင်) အစ္စလာမ်အဖွဲ့အစည်းတွေလည်း ရေဘေးသင့်အနယ်နယ်အရပ်ရပ်ကို ကူညီဖို့ ထွက်လာကြဖို့ စီစဉ်နေကြပါတယ်။

လယ်ကိုင်းကျောင်းတော်ရာဒေသသို့ ကြေးမုံသတင်းစာဝန်ထမ်းများ(ရန်ကုန်)၊ သတင်းစာတိုက်ဝန်ထမ်းများ(နေပြည်တော်)၊ ဇေယျာသီရိမြို့နယ် ခေတ်အေး ပရဟိတကျောင်း၊ ဥတ္တမာရုံကျောင်း၊ စက်ကုန်းသဒ္ဓမ္မသုခမေ္မရိပ်သာတို့ကလည်း ရေသန့်ဆေး၊ရေသန့်ဘူး၊ တိုင်းရင်းဆေး၊ စားသောက်ကုန်နှင့်လူသုံးကုန်ပစ္စည်းများ၊ သံဃာတော်များအတွက် သင်္ကန်းများသွားရောက်လှူဒါန်းခဲ့သည်။**(အောက်ပုံ)**

သဘာဝရေဘေးအန္တရာယ်မှာ မဖိတ်ခေါ်သော်လည်း ကျွန်ုပ်တို့နိုင်ငံ၏ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့သို့ဝင်ရောက်လာခဲ့သည်။ သန်းနှင့်ချီသောပြည်သူများ ရေဘေးသင့်ဒဏ်ခံစားခဲ့ကြရသည်။ ရေဘေးသင့်ပြည်သူများကို အစိုးရနှင့်အဖွဲ့အစည်းအသီးသီးက ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးကိစ္စများကူညီနေသကဲ့သို့ မြန်မာနိုင်ငံအနှံ့အပြားမှ သန်းပေါင်းများစွာသော လူငယ်လူကြီး လူမျိုးစုံ၊ ဘာသာစုံ ပရဟိတအသင်းအဖွဲ့များ တစ်ကိုယ်တော်အလှူရှင်များတို့၏ ကိုယ်ချင်းစာနာ၍ အားတက်သရောကူညီမှုများကို လေးစားသာဓုခေါ်ဖွယ်ရာမြင်တွေ့ရပါကြောင်း။ ။

**သတင်းနှင့် ဓာတ်ပုံ-ကိုနေ**



## ကူညီထောက်ပံ့မှုများ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရေဘေးသင့်အိမ်ထောင်စုများအတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းမှု၊ ဖြန့်ဝေမှုနှင့် လက်ကျန်အခြေအနေ**

| စဉ် | အလှူငွေနှင့် ပစ္စည်း | စစ်ကိုင်းတိုင်းဒေသကြီး | | | ပဲခူးတိုင်းဒေသကြီး | | |
|---|---|---|---|---|---|---|---|
| | | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် |
| ၁။ | ငွေသား(သိန်း) | ၁၅၈၇. ၂၁၈ | ၄၀၆. ၀၄၄ | ၁၁၈၁. ၁၇၄ | ၄၁. ၀၃၁ | ၄၁. ၀၃၁ | |
| ၂။ | ဆန်(အိတ်) | ၉၃၇ | ၉၃၇ | - | ၁၈၁၃ | ၁၈၁၃ | |
| ၃။ | ပဲ(အိတ်) | ၃ | ၃ | - | - | - | |
| ၄။ | ရေသန့်(ဘူး) | ၄၃၆၈ | ၃၅၁၈ | ၈၅၀ | ၂၄၇၇ | ၂၄၇၇ | |
| ၅။ | အိမ်သုံးဆေး(ဖာ) | ၉၁ | ၉၀. ၈၂ | ၀. ၁၈ | - | - | |
| ၆။ | တီရှပ် | ၁၃၃၀၀ | ၁၁၇၉၉ | ၁၅၀၁ | - | - | |
| ၇။ | ကျားလုံချည် (အိတ်/ထည်) | ၂၅၀၀ | ၂၃၃၈ | ၁၆၂ | - | - | |
| ၈။ | မလုံချည်(အိတ်) | ၁၈၀၀ | ၁၅၀၀ | ၃၀၀ | - | - | |
| ၉။ | ခေါက်ဆွဲ(ဖာ/ထုပ်) | ၂၆၄၀ | ၁၉၀၅ | ၇၃၅ | ၁၄၉၂ | ၁၄၉၂ | |
| ၁၀။ | စောင်(ထည်) | ၉၄၆၂ | ၆၇၁၀ | ၂၇၅၂ | ၂၀၀ | ၂၀၀ | |
| ၁၁။ | ဘီစကွတ်(ဖာ) | ၄၂ | ၁၂ | ၃၀ | - | - | |
| ၁၂။ | ငါးသေတ္တာ(ဖာ) | ၄၈၉၇ | ၄၈၃၅ | ၆၂ | - | - | |
| ၁၃။ | ခေါက်ဆွဲ(ဖာ) | ၁၉ | ၁၉ | - | ၂၃၀ | ၂၃၀ | |
| ၁၄။ | စားသုံးဆီ (ပိသာ/ပုံး/ဖာ) | ၁၆၂၀ | ၈၂၆ | ၇၉၄ | ၁၅၅၆. ၅ | ၁၅၅၆. ၅ | |
| ၁၅။ | ခြင်ထောင်(လုံး) | ၇၉၀ | ၇၉၀ | - | - | - | |
| ၁၆။ | ဆပ်ပြာ(ဖာ/ခဲ) | ၁၉၀၀ | ၉၅ | ၁၈၀၅ | - | - | |
| ၁၇။ | ရေသန့်ဆေး (ဖာ/ကတ်) | ၂၅ | - | ၂၅ | - | - | |
| ၁၈။ | မိုးကာတဲ(လုံး) | ၅၉ | ၂၉ | ၃၀ | - | - | |
| ၁၉။ | ဖယောင်းတိုင် | ၂၈၀ | ၂၈၀ | - | - | - | |
| ၂၀။ | အဝတ်အထည်(ထုပ်) | ၂၈၅၀ | ၁၇၄၉ | ၁၁၀၁ | ၉၈၉၁ | ၉၈၉၁ | |
| ၂၁။ | ဆား(ပိသာ) | - | - | - | ၆၂၅. ၅ | ၆၂၅. ၅ | |

# ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်သည် ယနေ့နံနက် ၁၀ နာရီတွင် စွမ်းအင်ဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ဆောင်မှုအသင်း (Myanmar Oil and Gas Services Society-MOGSS)မှ ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ကူညီရန်အတွက် အလှူငွေကျပ် သိန်း ၁၅၀ နှင့် အမေရိကန်ဒေါ်လာ ၄၀၀ အလှူငွေပေးအပ်ခြင်းအခမ်းအနားသို့တက်ရောက်သည်။ ယင်းနောက် အလှူငွေများကို MOGSS အသင်းကိုယ်စား ဥက္ကဋ္ဌဦးကျော်ကျော်လှိုင်က ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီးကလက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အလားတူ စွမ်းအင်ဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများက ရေဘေးသင့်ဒေသရှိ ပြည်သူများသို့ အလှူငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ တိုက်ရိုက်လှူဒါန်းလျက်ရှိပြီး ယနေ့အထိ စွမ်းအင်ဝန်ကြီးဌာနနှင့် ကုမ္ပဏီအသင်းအဖွဲ့ ၃၉ ဖွဲ့မှ ယခုလှူဒါန်းမှုအပါအဝင် စုစုပေါင်း မြန်မာကျပ်ငွေ ၃၈၅ သိန်း ၃ သောင်းနှင့် အမေရိကန်ဒေါ်လာ ၄၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။

စွမ်းအင်ဝန်ကြီးဌာန အနေဖြင့် ရေကြီးရေလျှံစဉ် ကာလအတွင်း ဌာနပိုင်ရေယာဉ်များဖြင့် ပွင့်ဖြူမြို့နယ် ငါးခြောက်ကျွန်းကျေးရွာ၊ မြင်းခြံစုကျေးရွာ၊ ပေါက်ကုန်းကျေးရွာနှင့် ရေနံချောင်းမြို့နယ် သမ္ဘာတင်ကျေးရွာ၊ မိန်းမလှကျွန်း၊ မာန်ပြေကျွန်းတို့မှ လူဦးရေ ၂၄၆ ဦး၊ ကျွဲ၊ နွား ၄၈၆ ကောင်နှင့် ဝက်တစ်ကောင်တို့အား ရေဘေးလွတ်ရာ ရေနံချောင်းမြို့နယ် ညောင်လှဆိပ်ကမ်းနှင့် ညောင်ပင်သာရွာတို့သို့ ပို့ဆောင်ကယ်ဆယ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရေဘေးသင့်အိမ်ထောင်စုများ အတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့်ပစ္စည်းများလှူဒါန်းမှု၊ ဖြန့်ဝေမှုနှင့်လက်ကျန်အခြေအနေ**

| စဉ် | အလှူငွေနှင့် ပစ္စည်း | မန္တလေးတိုင်းဒေသကြီး | | | ရန်ကုန်တိုင်းဒေသကြီး | | | ဧရာဝတီတိုင်းဒေသကြီး | | |
|---|---|---|---|---|---|---|---|---|---|---|
| | | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် |
| ၁ | ငွေသား(သိန်း) | ၇၄. ၉၅ | ၇၃. ၉၅ | ၁ | မြန်မာငွေ-၂၂၁၈၉၇၅၀၀<br>ရင်းဂစ်-၂၀၀၀<br>အမေရိကန်ဒေါ်လာ-၁၆၃၀<br>ထိုင်းဘတ်-၁၀၀၀၀ | | မြန်မာငွေ-၂၂၁၈၉၇၅၀၀<br>ရင်းဂစ်-၂၀၀၀<br>အမေရိကန်ဒေါ်လာ-၁၆၃၀<br>ထိုင်းဘတ်-၁၀၀၀၀ | ၈၆၄. ၂၉၅ | ၂၉၁. ၈၆၅ | ၅၇၂. ၄၃ |
| ၂ | ဆန်(အိတ်) | ၃၉၉ | ၃၀၀ | ၉၉ | ၇၅ | - | ၇၅ | ၁၆၇၃၇. ၈၈ | ၁၃၆၈၄. ၃ | ၃၀၅၄ |
| ၃ | ပဲ(အိတ်) | ၄၀ | - | ၄၀ | - | - | - | ၅၀၅. ၆၄ | ၅၀၅. ၆၄ | - |
| ၄ | ရေသန့်(ဘူး) | - | - | - | ၁၂၇၉ | - | ၁၂၇၉ | ၂၉၈၅၉၄ | ၂၈၆၉၁၆ | ၁၁၆၇၈ |
| ၅ | အိမ်သုံးဆေး(ဖာ) | ၁ | - | ၁ | ၆၀ | - | ၆၀ | ၄၇၉၇ | ၄၇၈၁ | ၁၆ |
| ၆ | ခေါက်ဆွဲ(ဖာ/ထုပ်) | ၂၀ | - | ၂၀ | ၉၄ | - | ၉၄ | ၁၅၂၉၇ | ၁၄၆၃၉ | ၇၄၈ |
| ၇ | စောင်(ထည်) | - | - | - | - | - | - | ၁၈၇၇ | ၁၈၇၆ | ၁ |
| ၈ | ဘီစကွတ်(ဖာ) | - | - | - | ၁၇ | - | ၁၇ | ၁၃၉၉၈ | ၁၃၉၁၂ | ၈၆ |
| ၉ | ငါးသေတ္တာ(ဖာ) | - | - | - | ၁၀၃ | - | ၁၀၃ | ၁၆၉၅၃ | ၁၆၉၀၉ | ၄၄ |
| ၁၀ | ခေါက်ဆွဲ(ဖာ) | - | - | - | - | - | - | ၂၀၇၁၅ | ၁၈၆၆၃ | ၂၀၅၂ |
| ၁၁ | စားသုံးဆီ(ပိသာ/ပုံး/ဖာ) | - | - | - | ၆ | - | ၆ | - | - | - |
| ၁၂ | ရေသန့်ဆေး(ဖာ/ကတ်) | - | - | - | ၉၅၀၈၀ | - | ၉၅၀၈၀ | - | - | - |
| ၁၃ | သကြားက်နး(အိတ်/စုံ) | ၂ | - | ၂ | ၁၀ | - | ၁၀ | - | - | - |
| ၁၄ | ဖယောင်းတိုင် | - | - | - | ၃၁ | - | ၃၁ | - | - | - |
| ၁၅ | အဝတ်အထည်(ထုပ်) | ၂၂ | - | ၂၂ | ၁၈၂ | - | ၁၈၂ | ၆၄၄၈၉ | ၆၁၁၈၆ | ၃၃၀၃ |

**လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရေဘေးသင့်အိမ်ထောင်စုများအတွက် ၉-၈-၂၀၁၅ ရက်နေ့အထိ အလှူငွေနှင့် ပစ္စည်းများလှူဒါန်းမှုဖြန့်ဝေမှုနှင့် လက်ကျန်အခြေအနေ**

| စဉ် | အလှူငွေနှင့် ပစ္စည်း | ကချင်ပြည်နယ် | | | ချင်းပြည်နယ် | | | ရခိုင်ပြည်နယ် | | |
|---|---|---|---|---|---|---|---|---|---|---|
| | | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် | လက်ခံ ရရှိမှု | ဖြန့်ဝေ ပေးမှု | လက်ကျန် |
| ၁ | ငွေသား(သိန်း) | ၄၃၄. ၄ | ၄၃၄. ၄ | - | ၂၂၃၂. ၀၄ | ၃၀၀ | ၁၉၃၂. ၀၄ | ၇၇၀၅ | ၃၃၀၅ | ၄၄၀၀ |
| ၂ | ဆန်(အိတ်) | ၁၉၆၈ | ၁၉၆၈ | - | ၁၈၇၃ | ၅၃၆ | ၁၃၃၇ | ၆၈၇၀ | ၆၀၅၂ | ၈၁၈ |
| ၃ | ပဲ(အိတ်) | ၈၅ | ၈၅ | - | - | - | - | ၈၅၀ | ၄၈၈ | ၃၆၂ |
| ၄ | ရေသန့်(ဘူး) | ၁၅ | ၁၅ | - | - | - | - | - | - | - |
| ၅ | စောင်(ထည်) | - | - | - | - | - | - | ၃၅ | ၁၃ | ၂၂ |
| ၆ | ခေါက်ဆွဲ(ဖာ) | ၁၃ | ၁၃ | - | - | - | - | - | - | - |
| ၇ | စားသုံးဆီ(ပိသာ/ပုံး/ဖာ) | ၁၃၇၂ | ၁၃၇၂ | - | - | - | - | ၂၀၇၇ | ၁၀၄၀ | ၁၀၃၇ |
| ၈ | Family Kit(ထုပ်) | - | - | - | - | - | - | ၂၀၀ | ၂၀၀ | - |
| ၉ | သွပ်(ချပ်) | - | - | - | - | - | - | ၉၀၀၀ | ၁၄၀၀ | ၇၆၀၀ |
| ၁၀ | ခြင်ထောင်(လုံး) | - | - | - | - | - | - | ၁၁ | ၂ | ၉ |
| ၁၁ | တာပေါ်လင်လိပ် | - | - | - | - | - | - | ၇၄ | ၅၀ | ၂၄ |
| ၁၂ | မိုးကာစ | ၇၅ | ၇၅ | - | - | - | - | - | - | - |
| ၁၃ | အဝတ်အထည်(ထုပ်) | - | - | - | - | - | - | ၃၇ | ၃၆ | ၁ |
| ၁၄ | အခြေခံစားကုန်(ဖာ) | ၆၅ | ၆၅ | - | - | - | - | - | - | - |
| ၁၅ | ဆား(ပိသာ) | ၃၁၀ | ၃၁၀ | - | - | - | - | - | - | - |
| ၁၆ | ရေပုံး | - | - | - | - | - | - | ၅၀၀ | ၅၀၀ | - |

# ရခိုင်ပြည်နယ် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ကူညီလှူဒါန်း

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ရောက်ရှိခိုက် ရေဘေးသင့်ဒေသများကို သွားလိုသည်။ သို့သော် သွားလာရန်ခက်ခဲပြီး တစ်ဦးတည်း မည်သို့မျှမသွားနိုင်၊ အစုအဖွဲ့များဖြင့် သွားလာမှသာ ခရီးတွင်မည်ကိုစဉ်းစားမိ၍ စစ်တွေမြို့ရှိ မိတ်ဆွေ ဦးမိုးဟိန်း ညွှန်ကြားရေးမှူး (အစိုးရအဖွဲ့- ရခိုင်ပြည်နယ်)အား ဖုန်းနံပါတ်ရှာဖွေဆက်သွယ်၍ အကူအညီတောင်းခံခဲ့ရာ လိုအင်ဆန္ဒပြည့်ဝခဲ့သည်။

၎င်းစီစဉ်ပေးသည်မှာ ဩဂုတ် ၉ ရက် နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးစံရွှေအောင်နှင့် ရန်ကုန်မြို့မှ စေတနာထက်သန်စွာလာရောက်လှူဒါန်းသည့် လေးကျွန်းသူအဖွဲ့ မင်းပြားမြို့သို့ ရှပ်ပြေးယာဉ်ဖြင့် သွားရောက်လှူဒါန်းမည်ဖြစ်သဖြင့် လိုက်ပါသွားနိုင်ရန်စီစဉ်ပေးသည့်အတွက် ဆန္ဒပြည့်ဝခဲ့သည်။

စာရေးသူတို့သည် ဩဂုတ် ၉ ရက် နံနက် ၆ နာရီတွင် ပေါက်တော-မင်းပြားသွား သင်္ဘောဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး ရှပ်ပြေးယာဉ်ကို လှေလာကြည့်သော် သင်္ဘောအပေါ်တွင် ထောက်ပံ့ရေးပစ္စည်းမျိုးစုံကို ရေမစိုအောင် ဖုံးအုပ်ထားသည်ကို တွေ့ရသည်။ သင်္ဘောတွင်းသို့ ရောက်ရှိစဉ် လမ်းခရီး၌ အန္တရာယ်ကင်းစင်ရေးအတွက် သင်္ဘောသားများက စောင့်ရှောက်ပေးသလို အသက်ကယ်အင်္ကျီများဝတ်ဆင်ပုံ ရှင်းပြပြီး တစ်ဦးကို တစ်ခုကျစီ စီစဉ်ပေးထားသဖြင့် စိတ်သောကများ ကင်းစင်ခဲ့သည်။

သင်္ဘောထွက်ခွာသည့်အချိန်မှာ ၆ နာရီ ၁၅ မိနစ်ခန့်ဖြစ်၍ တစ်နာရီခွဲခန့်မောင်းပြီးချိန်တွင် မင်းပြားမြို့နယ်၏ ရေဘေးသင့်ကျေးရွာဖြစ်သော ကျားရဲပြင်ကျေးရွာအုပ်စုသို့ စတင်ရောက်ရှိသည်။ ကမ်းစပ်မှစ၍ အလှူပွဲ အခမ်းအနားကျင်းပမည့် အဆောက်အအုံသို့ သွားရာလမ်းတစ်လျှောက် စပါးခွံအိတ်များ ခင်းပေးထားသည်။ သင်္ဘောပေါ်ရှိ လှူဒါန်းမည့် ဆန်၊ ဆေး၊ အသုံးအဆောင်ပစ္စည်း မျိုးစုံထည့်ထားသည့်



မင်းပြားမြို့နယ် ကျားရဲပြင်ကျေးရွာသို့ရောက်ရှိစဉ် ရွာသားများ ပစ္စည်းများသယ်ချပေးစဉ်။

အိတ်များကို ရွာသူ ရွာသားများက ဝိုင်းဝန်းသယ်ချပေးသဖြင့် အချိန်တိုတောင်းစွာဖြင့် လှူဒါန်းမှုများကို ပြုလုပ်နိုင်သည်ကို တွေ့ရသည်။ ရွာသူ ရွာသားများမှာ မျက်ဝန်းများကြည်လင်နေသလို လာရောက်လှူဒါန်းကြသည့် အလှူရှင်များကို ဆုတောင်းစကားဖြင့် ပြန်လည်ပြောကြားကြရာ ရောက်ရှိသူအားလုံး ဝမ်းသာပီတိခံစားခဲ့ရသည်။

လှူဒါန်းမှုပြုလုပ်ချိန်မှာ နာရီဝက်ခန့်သာကြာမြင့်ခဲ့ပြီး ခရီးဆက်ခဲ့ရာ ၄၅ မိနစ်ခန့် သင်္ဘောမောင်းနှင်ပြီးချိန်တွင် မင်းပြားမြို့နယ် ဇီးပင်ကြီးကျေးရွာသို့ရောက်ရှိသည်။ ကျေးရွာကမ်းစပ်မှ ရွာသူရွာသားများက ရိုးရာအတီး၊ အမှုတ်များဖြင့် ကြိုဆိုနေသည်ကို မြင်တွေ့၍ ရွာအတွင်း အလှူအတန်းရှင်ပြုအခမ်းအနား ရှင်လောင်းလှည့်ပုံကို မျက်စိထဲပြေးမြင်မိသွားသည်။ လာရောက်ကြိုဆိုသူအားလုံးမှာ ၎င်းတို့ ရေဘေးဒဏ်ခံစားခဲ့ရသည်ကို ခေတ္တမေ့သွားကြပြီး အလှူရှင်များကို ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုနေကြခြင်းဖြစ်သည်။ ရွာအတွင်းရှိ မူလတန်းကျောင်း၌ လှူဒါန်းပွဲကို ကျင်းပပြီး ဆရာတော်၊ သံဃာတော်များကိုလည်း ဝတ္ထု၊ သင်္ကန်းပရိက္ခရာများ ဆက်ကပ်ကြသည်။ အလှူရှင်များနှင့် ရွာသူ ရွာသားအားလုံး အပျော်ရွှင်ဆုံးချိန်မှာ လှူဒါန်းပွဲအပြီး ပြန်အထွက်တွင် အလှူရှင်များက ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံအထပ်လိုက်ကိုင်၍ ဆီးကြိုနေကြသည့် ကျောင်းသား ကျောင်းသူများနှင့် ရွာတွင်းရှိကလေးအားလုံးအား တစ်ထောင်တန်တစ်ရွက်စီ လိုက်လံပေးဝေပေးခြင်းဖြစ်ရာ ကလေးများအားလုံး ပျော်မဆုံးသည့် မြင်ကွင်းဖြစ်ခဲ့သည်။

ဇီးပင်ရွာတွင် လှူဒါန်းမှုပြုလုပ်ခဲ့ပြီး ခရီးဆက်ခဲ့ရာ မင်းရွာသို့ရောက်ရှိခဲ့သည်။ မင်းရွာတွင် လှူဒါန်းပွဲကျင်းပသည့်အဆောက်အဦသည် သစ်သားခြေတံရှည်အဆောက်ကြီးဖြစ်ပြီး နှစ်ပေါင်း မည်မျှကြာမြင့်သည်မသိသော်လည်း အဆောက်ပေါ်လူအများတက်ရာတွင် တိုင်များ လှုပ်နေသဖြင့် အချို့ရပ်ကွက်နေပြည်သူများကို အဆောက်အောက်မှသာ စောင့်ခိုင်းထားရသည်။ ရပ်ကွက်ရေဘေးသင့်ပြည်သူများသည် ဤသို့လာရောက် လှူဒါန်းပေးသည့်စေတနာရှင် အလှူရှင်များကို တစ်ယောက်တစ်ခွန်း ဆုတောင်းပေးသဖြင့် အလှူရှင်တို့၏ မျက်ဝန်းများကို လှေလာကြည့်မိရာ မျက်ရည်ဝဲနေသရောင်ကို မြင်တွေ့ရသည်။ လာရောက်လှူဒါန်းရခြင်းကို ဝမ်းသာစကားများဖြင့် ပြောကြားကြပြီး အဆောက်အောက်ရောက်သည်နှင့် ကျေးရွာတွင်းရှိ ကလေးသူငယ်များကို ပိုက်ဆံလိုက်လံဝေငှပေးကြပြန်သည်။

မင်းရွာမှတစ်ဆင့် မင်းပြားမြို့ ပရိယတ္တိဓမ္မိတာရုံကျောင်းတိုက် ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်ထားသည့်အဆောက်တွင်



မင်းပြားမြို့နယ် ဇီးပင်ရွာတွင် အလှူရှင်များက ကလေးများအား ငွေကြေးများ လာရောက်လှူဒါန်းကြသည့်အတွက် ပျော်ရွှင်နေကြစဉ်။

**သတင်းနှင့် ဓာတ်ပုံ**

**ငွေအောင်(ကြေးမုံ)**

ဦးစွာ ဆရာတော်သံဃာတော်များကို သင်္ကန်းပရိက္ခရာနှင့် ဝတ္ထုငွေများဆက်ကပ်ကြပြီး ကျေးရွာအုပ်စု ၁၆ အုပ်စု၊ ကျေးရွာ ၂၂ ရွာအတွက် အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ကြသည်။

ထိုသို့ သွားရောက်လှူဒါန်းသည့် လေးနေရာတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများကို တစ်အိမ်ထောင် ဆန်လေးပြည်၊ ရေသန့်ဆေး၊ ခေါက်ဆွဲခြောက်၊ အမျိုးသား/အမျိုးသမီးဝတ် အဝတ်အထည်၊ ပဲများနှင့် စားသောက်ကုန်အမျိုးစုံတို့ ပါရှိသည်။လှူဒါန်းသည့်ပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ကျပ်သိန်း ၆၅၀ ခန့်ဖြစ်ပြီး လေးကျွန်းသူအဖွဲ့မှ လာရောက်လှူဒါန်းခြင်းဖြစ်သည်။ ယင်းအဖွဲ့တွင် ဒေါ်ထိုက်ထိုက်ဖြိုး၊ ဒေါ်သိန်းသိန်းစိုး၊ ဒေါ်အေးအေးမြတ်၊ ဒေါ်ဝေဝေမွန်၊ ဒေါ်လှလှဝေ၊ ဒေါ်သင်းသင်း၊ ဒေါ်သီတာခိုင်၊ ဒေါ်ပိုးဖြူ၊ ဒေါ်စံပယ်ထွန်း၊ ဒေါ်တင်တင်လှိုင်၊ မအေးငြိမ်းအောင်နှင့် မသဲနိုးအိမ်တို့ကလှူဒါန်းကြသည်။

ဤသို့ ရွာကြီးလေးရွာသို့ သွားရောက်သည့် အခမ်းအနားတစ်ပွဲစီတွင် ဦးစံရွှေအောင်နှင့် ဇနီး ဒေါ်အေးအေးသန်း မိသားစုကလည်း ရေဘေးကြောင့် ရေတွင်း၊ ရေကန်များ ပြန်လည်သန့်စင်အောင် ဆောင်ရွက်ရန်အတွက် အလှူငွေကျပ် ၁၅ သိန်းစီကို ပါဝင်လှူဒါန်းခဲ့ကြောင်း တွေ့ရသည်။

မင်းပြားမြို့နယ်၌ ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၂ အုပ်စု၊ ကျေးရွာ ၂၄၆ ရွာရှိသည်။ ရေကြီးနစ်မြုပ်ဒဏ်ခံစားရသည့်ရွာ ၂၂၀ ရှိပြီး လူ ၁၆ ဦး သေဆုံးကာ စပါးစိုက်ဧက ပျက်စီးမှုမှာ ၃၆၀၇၉ ဧကဖြစ်ပြီး မျိုးစပါးလိုအပ်မှုမှာ ၅၄၁၁၉ တင်း ဖြစ်သည်။

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန

## ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း သီးနှံများရေကြီးနစ်မြုပ်မှု၊ ထိခိုက်ပျက်စီးမှုနှင့် မိုးစပါးစုဆောင်းဖြန့်ဖြူးခဲ့မှုအခြေအနေ

## ၂၀၁၅ ခုနှစ် ဩဂုတ် ၁၀ ရက်

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | သီးနှံစုစုပေါင်း(ဧက) | | | | | စုဆောင်းပြီးမျိုး | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဒေသတွင်း | | တိုင်းပြင်ပ | | ပေါင်း | |
| | | ရေမြုပ် | ရေပြန်ပေါ် | ထိခိုက် | ပျက်စီး | ပြန်စိုက် | တင်း | ကီလို | တင်း | ကီလို | တင်း | ကီလို |
| ၁။ | နေပြည်တော် | ၂၃ | ၂၃ | - | - | - | ၁၅၀၀၀ | - | - | - | ၁၅၀၀၀ | - |
| ၂။ | ကချင်ပြည်နယ် | ၃၂၁၂၇ | ၃၁၂၃၄ | ၁၄၈၅၀ | ၁၀၀၉၅ | ၁၂၀၀ | ၁၇၅၀ | ၁၆၀၀ | - | - | ၁၇၅၀ | ၁၆၀၀ |
| ၃။ | ကယားပြည်နယ် | ၉၉ | ၉၉ | ၅၇ | ၃၆ | - | ၄၅၀၀ | - | - | - | ၄၅၀၀ | - |
| ၄။ | ကရင်ပြည်နယ် | ၁၁၆၂ | ၁၁၆၂ | ၆၀၆ | ၇၄ | ၁၀ | ၅၀၀ | - | - | - | ၅၀၀ | - |
| ၅။ | ချင်းပြည်နယ် | ၃၀၄၉ | ၂၆၅၅ | ၂၇၀၂ | ၁၂၈၆ | - | ၁၃၀ | - | - | - | ၁၃၀ | - |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၈၆၈၅၀ | ၁၈၀၀၀၇ | ၁၃၆၃၄၈ | ၈၇၁၅၅ | ၅၇၅၈ | ၄၀၈၅၀ | - | - | ၆၆၀၀၀ | ၄၀၈၅၀ | ၆၆၀၀၀ |
| ၇။ | တနင်္သာရီတိုင်းဒေသကြီး | - | - | - | - | - | ၁၀၀ | - | - | - | ၁၀၀ | - |
| ၈။ | ပဲခူးတိုင်းဒေသကြီး | ၃၇၄၁၅၅ | ၂၅၇၂၈၄ | ၁၀၉၈၉၁ | ၃၅၅၁၂ | - | ၅၀၀၀၀ | ၂၅၀၀၀ | - | - | ၅၀၀၀၀ | ၂၅၀၀၀ |
| ၉။ | မကွေးတိုင်းဒေသကြီး | ၉၂၄၃၂ | ၈၄၁၁၅ | ၉၂၄၃၂ | ၆၁၄၄၄ | ၇ | ၆၄၉၀၀ | ၁၀၀၀၀ | ၁၀၁၀၀ | - | ၇၅၀၀၀ | ၁၀၀၀၀ |
| ၁၀။ | မန္တလေးတိုင်းဒေသကြီး | ၃၅၀၃ | ၃၅၀၃ | ၂၄၄ | ၁၇ | ၅ | ၃၀၀၀၀ | - | - | - | ၃၀၀၀၀ | - |
| ၁၁။ | မွန်ပြည်နယ် | ၁၃၀၁၀ | ၁၃၀၁၀ | ၃၉၀ | - | - | ၁၆၃၂၀ | - | - | - | ၁၆၃၂၀ | - |
| ၁၂။ | ရခိုင်ပြည်နယ် | ၂၉၁၂၁၉ | ၂၉၁၂၁၉ | ၂၇၃၁၅၄ | ၂၁၄၂၅၉ | ၂၆၂၆၆ | ၂၁၇၂၄၆ | - | - | - | ၂၁၇၂၄၆ | - |
| ၁၃။ | ရန်ကုန်တိုင်းဒေသကြီး | ၈၉၈၇၉ | ၄၅၄၉၃ | ၁၂၅၆၇ | ၂၀၀၀ | ၃၀ | ၃၈၇၀၀ | - | - | - | ၃၈၇၀၀ | - |
| ၁၄။ | ရှမ်းပြည်နယ် | ၁၂၁၄၅ | ၁၁၅၈၁ | ၂၅၃၄ | ၁၃၇၇ | ၁၃၇ | ၁၄၀၀၀ | ၁၀၀၀၀ | - | - | ၁၄၀၀၀ | ၁၀၀၀၀ |
| ၁၅။ | ဧရာဝတီတိုင်းဒေသကြီး | ၂၃၁၅၂၇ | ၈၆၆၁၉ | ၆၆၂၃၆ | ၄၇၉၈၈ | - | ၄၅၀၀၀၀ | - | - | - | ၄၅၀၀၀၀ | - |
| **စုစုပေါင်း** | | **၁၃၃၁၁၈၀** | **၁၀၀၈၀၀၄** | **၇၂၀၀၃၁** | **၄၆၁၂၄၃** | **၃၃၄၁၃** | **၉၄၃၉၉၆** | **၄၆၆၀၀** | **၂၀၁၀၀** | **၆၆၀၀၀** | **၉၅၄၀၉၆** | **၁၁၂၆၀၀** |

## လယ်မြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ပေး

**လားရှိုး သြဂုတ် ၁၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်ခရိုင်အတွင်း ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့်လယ်ယာမြေများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ထွန်ယက်ရေး လုပ်ငန်းများကို ရှမ်းပြည်နယ်(မြောက်ပိုင်း) စက်မှုလယ်ယာမှ ထွန်စက်ကြီးသုံးစီးဖြင့် ထွန်ယက်ပေးလျက်ရှိကြောင်း ယခုလက်ရှိ ဆောင်ရွက်နေသည့် ဌာနစက်/တောင်သူစက်များဖြင့် ထွန်ယက်ခြင်းလုပ်ငန်း လုံလောက်မှုမရှိပါက ထပ်မံဖြည့်တင်းဆောင်ရွက်ပေးနိုင်ရန် ဌာနမှထွန်စက်ကြီး ၁၀ စီးအား အသင့်စုဖွဲ့ထားရှိပြီး ရေနစ်မြုပ်၍ ပျက်စီးသွားသည့် တောင်သူပိုင် လယ်ယာသုံးစက်ကိရိယာများ ပျက်စီးမှုရှိပါက ပြင်ဆင်ဆောင်ရွက်ပေးရန် စက်ပြင်ဝန်ထမ်းများကိုလည်း အသင့်စုဖွဲ့ထားရှိပြီးဖြစ်ကြောင်း သိရသည်။

ပျက်စီးသွားသော စိုက်ပျိုးသီးနှံများ အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီများနှင့် တွေ့ဆုံ၍ ထွန်ယက်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရန် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

## ထိခိုက်ပျက်စီးသွားသော လျှပ်စစ်တာဝါတိုင်များ ပြန်လည်ပြုပြင်

**နေပြည်တော် သြဂုတ် ၁၀**

ရခိုင်ပြည်နယ်အတွင်း ဇူလိုင် ၃၀ ရက်က ဆိုင်ကလုန်းမုန်တိုင်း ကိုမန် တိုက်ခတ်မှုကြောင့် ၂၃၀ကေဗွီ အမ်း-မြောက်ဦး-ပုဏ္ဏားကျွန်း မဟာဓာတ်အားလိုင်းမှ တာဝါတိုင် သုံးတိုင် ထိခိုက်ပျက်စီးခဲ့သည်။

ထိုသို့ ထိခိုက်ပျက်စီးသွားသော တာဝါတိုင်များအား အမြန်ဆုံး အစားထိုး တပ်ဆင်နိုင်ရေးအတွက် ပဒါန်းစခန်းနှင့် ဉသျှစ်ပင်စခန်းတို့မှ တာဝါတိုင်များကို တောင်ကုတ်မြို့မှ တစ်ဆင့် ရေလမ်းခရီးဖြင့် သယ်ယူခဲ့ရာ သြဂုတ် ၅ ရက်တွင် ပုဏ္ဏားကျွန်း ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ရောက်ရှိလာသည့် တာဝါတိုင်များကို ပုဏ္ဏားကျွန်း ဓာတ်အားခွဲရုံသို့လည်းကောင်း၊ အောင်ဖြူပြင်(ယာယီ) စခန်းသို့လည်းကောင်း ဆက်လက်ပေးပို့ခဲ့ပြီး တာဝါဖောင်ဒေးရှင်း လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်မည်ဖြစ်သဖြင့် သြဂုတ် ၈ ရက်မှစ၍ တာဝါတိုင်များ တပ်ဆင်ခြင်းလုပ်ငန်းကို အရှိန်အဟုန်ဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## ၂၀၁၅ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်/တည်ဆောက်မည့် ကျောင်းများစာရင်း

(ကျပ်သန်း)

| စဉ် | ပြည်နယ် | မြို့နယ် | ကျောင်းအမည် | ပျက်စီးမှုအခြေအနေ | လုပ်ငန်းတန်ဖိုး |
|---|---|---|---|---|---|
| ၁ | ချင်း | ဟားခါး | ပြည်နယ်ပညာရေးမှူးရုံး | ခြံစည်းရိုးပတ်လည်မြေပြို၍ မြေထိန်းနံရံပြုလုပ်ရန် | ၁၂၀. ၀၀၀၀ |
| ၂ | ချင်း | ဟားခါး | အလက-မြို့ဟောင်း | (၁၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် နှစ်ထပ် တစ်ပေခန့် မြေကျွံ၍ ပြိုလဲရန် အခြေအနေကြောင့် (၁၄၀×၃၀) ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ် အသစ်ဆောက်ရန် | ၁၂၆. ၀၀၀ |
| ၃ | ချင်း | ဟားခါး | အလက-ဇိုခွါး | (၁၃၂×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ်ကြမ်းခင်း အက်ကွဲ၍ ပြိုလဲရန်အခြေအနေကြောင့် (၁၃၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ် အသစ်ဆောက်ရန် | ၁၁၇. ၀၀၀ |
| ၄ | ချင်း | ဟားခါး | အမက-တိုင်တလန်း | (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်မြေပြို၍ ပြိုလဲရန်အခြေအနေကြောင့် (၉၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်အသစ်ဆောက်ရန် | ၄၀. ၅၀၀ |
| ၅ | ချင်း | ဟားခါး | အမက-မန်နူး | (၃၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ရေတိုက်စား၍ ပြိုလဲရန်အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၆ | ချင်း | ဟားခါး | အမက-ရွာဒဲအို | (၄၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ရေတိုက်စား၍ ပြိုလဲရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၇ | ချင်း | ဟားခါး | အမက-လုံဟောက် | (၆၀×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အောက်ခံမြေအက်၍ ပြိုလဲရန်အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၈ | ချင်း | ဟားခါး | အမက-ဘဲအိုသဲ | တစ်ရွာလုံးမြေပြို၍ (၅၄×၂၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၉ | ချင်း | ဟားခါး | အမက-ခွါဘဲ | တစ်ရွာလုံးမြေပြို၍ (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၀ | ချင်း | ဟားခါး | အမက-လုံနှမ်း | (၅၀×၁၈)ပေ၊သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အောက်ခံမြေအက်၍ ပြိုလဲရန်အခြေအနေကြောင့်(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၁ | ချင်း | ဟားခါး | အထက(၃) | မြေအက်ကွဲ၍ ကျောင်းဆောင်ပြိုကျအစား(၁၄၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်နှစ်ထပ် အသစ်ဆောက်ရန် | ၁၂၆. ၀၀၀ |
| ၁၂ | ချင်း | ဖလမ်း | အမက(၃)ဖလမ်း | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အသစ်ဆောက်ရန် | ၅၄. ၀၀၀ |
| ၁၃ | ချင်း | ဖလမ်း | အမက-ဇောလ်ပီး | (၃၆×၁၆)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် မြေပြို၍ ပျက်စီးအစား(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၄ | ချင်း | ဖလမ်း | အမက-သီးလီ | (၅၀×၁၆)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်မြေပြို၍ ပျက်စီးအစား(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၅ | ချင်း | ဖလမ်း | အမက-တားလ် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန်အခြေအနေကြောင့်(၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၆ | ချင်း | တီးတိန် | အလက-လိုင်ဘုန် | (၁၂၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်(၂)ဆောင် အောက်ခံမြေအက်ကွဲ၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် | ၇၉. ၂၀၀ |
| ၁၇ | ချင်း | တီးတိန် | အမက-ဆွောင်းဒေါ့ | မြေပြို၍ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား(၆၀×၃၀) ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၈ | ချင်း | တီးတိန် | အမက-ကဂင် | မြေပြို၍ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား(၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၁၉ | ချင်း | တီးတိန် | အမက-မောင်လန် | မြေပြို၍ကျောင်းဆောင်ပြိုလဲပျက်စီးခြင်းအစား(၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၀ | ချင်း | တွန်းဇံ | အမက-နတ်ဇန်(ဟ) | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ရေလွှမ်းမိုး၍ ပျက်စီးခြင်းအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၁ | ချင်း | တွန်းဇံ | အမက-ခမ့်ဇန် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၂ | ချင်း | တွန်းဇံ | အမက-တွီးဂဲလ် | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၃ | ချင်း | တွန်းဇံ | အမက-ဟားခါးလေး | တစ်ရွာလုံးမြေပြို၍ ကျောင်းမြေနေရာပြောင်းဆောက်ရန် အခြေအနေကြောင့် (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၄ | ချင်း | တွန်းဇံ | အလက(ခွဲ)တွီးခိန်းဇန် | (၁၂၀×၃၀)ပေနှင့် (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ဆောင် နှစ်ဆောင်ရေလွှမ်းမိုး၍ ပျက်စီးခြင်းအစား (၁၂၀×၃၀)ပေနှင့် (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ဆောင် နှစ်ဆောင် အသစ်ဆောက်ရန် | ၅၉. ၄၀၀ |
| ၂၅ | ချင်း | တွန်းဇံ | အမက-တွီးတန်ဇန် | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်မြေပြိုပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၆ | ချင်း | မင်းတပ် | အထက(ခွဲ) အောက်ချိုင် | (၁၀၀×၃၀)ပေနှင့် (၆၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ဆောင် နှစ်ဆောင်လေဒဏ်ကြောင့် အမိုးများ ပျက်စီးခြင်း | ၆. ၀၀၀ |
| ၂၇ | ချင်း | မင်းတပ် | အမက-ခူးလျူး | (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် မြေပြိုပျက်စီးအစား (၆၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၂၈ | ချင်း | မင်းတပ် | အလက-ရို | (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် မြေပြိုပျက်စီးအစား (၉၀×၃၀)ပေ၊ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ် အသစ်ဆောက်ရန် | ၂၉. ၇၀၀ |
| ၂၉ | ချင်း | မတူပီ | အထက(ခွဲ)ရှာတလိုင်း | (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ်ကြမ်းခင်းအက်၍ ပြိုလဲရန်အခြေအနေကြောင့် (၁၂၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် အသစ်ဆောက်ရန် | ၅၄. ၀၀၀ |

စာမျက်နှာ ၁၁ » »

»»» စာမျက်နှာ ၁၀ မှ

(ကျပ်သန်း)

| စဉ် | ပြည်နယ် | မြို့နယ် | ကျောင်းအမည် | ပျက်စီးမှုအခြေအနေ | လုပ်ငန်းတန်ဖိုး |
|---|---|---|---|---|---|
| ၃၀ | ချင်း | မတူပီ | အမက-ကေလုံး | (၄၈×၁၈)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်မြေပြို၍ ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေသွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၃၁ | ချင်း | မတူပီ | အထက-လိုင်လဲင်းပီ | (၁၂၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်ပြိုလဲပျက်စီးခြင်းအစား (၁၂၀×၃၀) ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်အသစ်ဆောက်ရန် | ၃၉. ၆၀၀ |
| ၃၂ | ချင်း | မတူပီ | အထက-လိုင်လဲင်းပီ | (၁၂၀×၃၀) ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ်ဆောင်သုံးဆောင် လေဒဏ်ကြောင့်အမိုးများပျက်စီးခြင်းကို ပြုပြင်ရန် | ၈. ၀၀၀ |
| ၃၃ | ချင်း | မတူပီ | အထက(၁) မတူပီ | (၁၂၀×၃၀)ပေ သွပ်မိုး၊ အုပ်ညှပ် တစ်ထပ်ဆောင်နှစ်ဆောင် လေဒဏ်ကြောင့်အမိုးများပျက်စီးခြင်းကို ပြုပြင်ရန် | ၇. ၀၀၀ |
| ၃၄ | ချင်း | မတူပီ | အမက-ကွီစား | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် သစ်ပင်လဲ၍ပျက်စီးခြင်းကို ပြင်ဆင်ရန် | ၄. ၀၀၀ |
| ၃၅ | ချင်း | မတူပီ | အမက-ငလား | (၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် နံရံနှင့်အခင်းများ ရေဒဏ်ကြောင့်ပျက်စီးခြင်းကိုပြုပြင်ရန် | ၄. ၀၀၀ |
| ၃၆ | ချင်း | ကန်ပက်လက် | အမက-ပင်းလောင်း | (၅၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် မြေပြို၍ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာ တစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၃၇ | ချင်း | ကန်ပက်လက် | အမက-အောက်ရင်း | (၆၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် မြေပြို၍ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၃၈ | ချင်း | ကန်ပက်လက် | အမက-ရောင်တွီး | (၅၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် မြေပြို၍ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၃၉ | ချင်း | ကန်ပက်လက် | အမက-ခေါက်ပုံကျင်း | (၃၀×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် မြေပြို၍ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေသွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၀ | ချင်း | ပလက်ဝ | အမက-ဝန်ချောင်းဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် ရေမြုပ်၍ပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၁ | ချင်း | ပလက်ဝ | အလက-(ခွဲ)ဗုဒ္ဓဂါမ | (၉၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနှစ်ထပ် ရေမြုပ်၍ပျက်စီးခြင်းအစား (၉၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနှစ်ထပ် အသစ်ဆောက်ရန် | ၈၁. ၀၀၀ |
| ၄၂ | ချင်း | ပလက်ဝ | အမက-ပုံဒေါ | (၄၅×၂၄)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၃ | ချင်း | ပလက်ဝ | အမက-ဆိုက်ဟား | (၄၅×၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ဝါးကာတစ်ထပ် လေဒဏ်ကြောင့်ပျက်စီးခြင်းအစား(၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၄ | ချင်း | ပလက်ဝ | အမက-ဝက်ချောင်း | (၈၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် ရေမြုပ်၍ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၅ | ချင်း | ပလက်ဝ | မူလွန်-ရမ်ရီ | (၄၈×၂၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၆ | ချင်း | ပလက်ဝ | အမက-ဆင်အိုးဝ(၁) | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်ပြိုလဲပျက်စီးခြင်းအစား (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် အသစ်ဆောက်ရန် | ၁၉. ၈၀၀ |
| ၄၇ | ချင်း | ပလက်ဝ | အလက-(ခွဲ)ဆီးဖလောင်း | သစ်ပင်လဲ၍ ကျောင်းဆောင်နံရံ၊ ပြတင်းတံခါးပျက်စီးခြင်းကိုပြုပြင်ရန် | ၄. ၅၀၀ |
| ၄၈ | ချင်း | ပလက်ဝ | အမက-ကြွေသောင် | သစ်ပင်လဲ၍ ကျောင်းဆောင်အခင်းအကာပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ |
| ၄၉ | ချင်း | ပလက်ဝ | မူလွန်-မြို့မ | ဝရန်တာတစ်လျှောက်အက်ကွဲခြင်းကို ပြုပြင်ရန် | ၅. ၀၀၀ |
| ၅၀ | ချင်း | ပလက်ဝ | အလက(ခွဲ)အောက်သဲမဝ | (၉၀×၃၀)ပေ သွပ်မိုး၊ အုတ်ညှပ်တစ်ထပ် သစ်ပင်လဲ၍ အမိုးအကာပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ |
| ၅၁ | ချင်း | ပလက်ဝ | အမက-ရွှေလိုက်ဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်ပျက်စီးခြင်းကို ပြုပြင်ရန် | ၄. ၀၀၀ |
| ၅၂ | ချင်း | ပလက်ဝ | အမက-ပွိဝုန်း | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာတစ်ထပ် လေဒဏ်ကြောင့်အမိုးပျက်စီးခြင်းကို ပြုပြင်ရန် | ၃. ၀၀၀ |
| ၅၃ | ချင်း | ပလက်ဝ | အမက-စိမ်းညှင်းဝ | (၆၀×၃၀)ပေ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ကာနှစ်ထပ် လေဒဏ်ကြောင့်အမိုးတစ်ဝက်ပျက်စီးခြင်းကို ပြုပြင်ရန် | ၃. ၀၀၀ |
| ချင်းပြည်နယ်ပေါင်း | | | | | ၁၅၅၇. ၁၀၀ |




မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းသို့ ပညာရေးဝန်ကြီးဌာနကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

# လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းများ ဆက်လက်တင်သွင်းလျက်ရှိရာ ဩဂုတ် ၁၀ ရက်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၆၉ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၄၈ ဦး၊ တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်လောင်း ၁၄၆ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ကိုးဦးတို့ တင်သွင်းခဲ့သည်။ ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၀ ရက်အထိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ၁၁၉၁ ဦး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ၆၂၇ ဦး၊ တိုင်းဒေသကြီး/ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်လောင်း ၂၂၇၈ ဦးနှင့် တိုင်းဒေသကြီး/ ပြည်နယ်တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၂၈ ဦး စုစုပေါင်း ၄၂၂၄ ဦးရှိပြီဖြစ်ပြီး နိုင်ငံရေးပါတီ ၈၀ နှင့် တစ်သီးပုဂ္ဂလ ၁၆၂ ဦးတို့မှ အမည်စာရင်းတင်သွင်းခဲ့ကြကြောင်း သိရသည်။

အမည်စာရင်းတင်သွင်းမှု အသေးစိတ်အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website www.uecmyanmar.org တွင် ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုပ်ရှင်နှင့် ဂီတ ပရဟိတလူငယ်များအသင်း ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတွင် ကြုံတွေ့နေရသော ရေဘေးသင့်ပြည်သူများထံသို့ ရုပ်ရှင်နှင့် ဂီတ ပရဟိတလူငယ်များအသင်း၊ Intensity Music Band တို့က လှူဒါန်းလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်နှင့် မဒေါက်မြို့နယ်တို့ရှိ ရေဘေးသင့်ကျေးရွာဖြစ်သော သက္ကယ်ကုန်းကျေးရွာအုပ်စု စံဖဲကျေးရွာသို့ စက်လှေများဖြင့် သွားရောက်ပြီး ဆန်အိတ်များ၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်များ၊ သောက်ရေသန့်များ၊ ဆေးဝါးများနှင့် အဝတ်အထည်များကို ဩဂုတ် ၉ ရက်က ဒေသခံလူငယ်ပရဟိတ အသင်းများနှင့်အတူ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါကျေးရွာတွင် နေထိုင်သည့် ရေဘေးသင့်အိမ်ထောင်စု ၁၄၁ စုရှိပြီး ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်ကျောင်းများ အပါအဝင် ရေဘေးသင့် ပြည်သူများထံသို့ ငွေကျပ်သိန်း ၆၀ တန်ဖိုးခန့် သွားရောက် ပေးအပ်လှူဒါန်းခဲ့ကြောင်းနှင့် နောက်ထပ်ရရှိလာမည့် အလှူပစ္စည်းများကိုလည်း ဆက်လက်ပေးအပ်လှူဒါန်းမည် ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**

# ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ကွင်းဆင်းဆောင်ရွက်

**ပွင့်ဖြူ ဩဂုတ် ၁၀**

ပွင့်ဖြူမြို့နယ် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ မကွေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဆရာအသင်းတို့ ပူးပေါင်း၍ ဩဂုတ် ၉ ရက်က ကုန်းဇောင်းကျေးရွာနှင့် ပန်းတုံးလေးကျေးရွာတို့တွင် ရေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဝါးဖြင့် ကုသပေးပြီး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ရေဘေးသင့်အိမ်ထောင်စု ၁၀၀ မှ ဒေသခံ ၄၂၀ အား ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **(ခရိုင်ပြန်/ဆက်)**

### ❖ ညောင်တုန်းမြို့မှ

အဆိုပါမြစ်ရေ မြင့်တက်လာမှုကြောင့် ညောင်တုန်းမြို့နယ်တွင် စိုက်ပျိုးဧက ၉၉၈၈ ဧက ရေဖုံးလွှမ်းခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း၊ စာသင်ကျောင်းပေါင်း ၆၈ ကျောင်း ရေလွှမ်းမိုးခံခဲ့ရသည်။ ရေဘေးသင့်ဦးရေ ၄၆၇၀၃ ဦးနှင့် အိမ်ထောင်စု ၁၀၆၇၄ စု ရေဘေးသင့်ခံခဲ့ရသည်။ လက်ရှိအနေအထားတွင် ခုနစ်ရက်မြောက်နေ့အဖြစ် လိမ့်ရောင်အဆင့် အန္တရာယ်ရှိအနေအထားဖြင့် သတ်မှတ်ထားဆဲဖြစ်ကြောင်း သိရသည်။


**ထွန်းကျော်(ညောင်တုန်း)**

# ဟသ်ာတ၊ ဇလွန်နှင့် ငါးသိုင်းချောင်းမြို့နယ်များတွင် ရေကျသော်လည်း စိုးရိမ်ရေမှတ် ကျော်လွန်လျက်ရှိ


**နေပြည်တော်　　ဩဂုတ်　　၁၀**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်တို့၏ ဧရာဝတီမြစ်ရေစိုးရိမ်ရေမှတ်နှင့် ငါးသိုင်းချောင်းမြို့နယ်၏ ငဝန်မြစ်စိုးရိမ်ရေမှတ်သည် ဇူလိုင်လကုန်ခန့်မှစ၍ နေ့စဉ်ကျော်လွန်မြင့်တက်ခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ နေ့စဉ်လျော့နည်းကျဆင်းလျက်ရှိသော်လည်း မြို့အလိုက် သတ်မှတ်စိုးရိမ်ရေမှတ်အထက်တွင်ရှိနေသေးကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **(သတင်းစဉ်)**


**ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ**




**ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့နယ်ရှိ ငဝန်မြစ်၏ နေ့အလိုက်ရေမှတ်များ**




**ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်ရှိ ဧရာဝတီမြစ်၏ နေ့အလိုက်ရေမှတ်များ**




# ရေကြီးနစ်မြုပ်ရထားလမ်းပိုင်းများ ဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိ

**နေပြည်တော်　　ဩဂုတ်　　၁၀**

မန္တလေး-မြစ်ကြီးနားလမ်းပိုင်း ကံကြီး-ဇော်ချောင်း မိုင်(၅၂၀/၂၂-၂၃) တံတားအမှတ် (၂၈၁)ပေါ်တွင် ရထားစမ်းသပ်မောင်းနှင်ရန် စီစဉ်ထားသော်လည်း ရေမျက်နှာပြင်မြင့်တက်လာသောကြောင့် ဩဂုတ် ၁၀ ရက် နံနက်ပိုင်းတွင် ရေအတက်အကျပေါ်မူတည်၍ LST အထိုင်အောက်တွင်ရှိသော ကျောက်များနှင့် ဇလီဖားများ စိတ်ချနိုင်သည့် အခြေအနေရောက်ရှိမှသာ လမ်းပိုင်းဖွင့်လှစ်သွားမည်ဖြစ်သည်။

မင်းဘူး-သရက်လမ်းပိုင်း၊ လက်ပံ-ကြာကန်ကြား မိုင်(၂၅၉/၁၂-၁၃)လမ်းပိုင်းပြုပြင်မှုများ ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၉ ရက် ည ၈ နာရီတွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ပခုက္ကူ-ဆင်ဖြူကျွန်းလမ်းပိုင်း တန့်ကြည်တောင်-ဒေါင်းသာကြားလမ်းပိုင်းအား တောင်ပြိုမြေများ ရှင်းလင်းပြီး ဩဂုတ် ၉ ရက် ည ၁၁ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ပြေးဆွဲပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပွင့်ဖြူရေဘေးသင့်ဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်

**ပွင့်ဖြူ　　ဩဂုတ်　　၁၀**

ဇူလိုင်လ နောက်ဆုံးပတ်က နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာ ရွာသွန်းသဖြင့် မုန်းချောင်းရေမြင့်တက်မှုကြောင့် ပွင့်ဖြူမြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများစွာ ရေကြီးနစ်မြုပ်မှုတွင် ပါဝင်ခံစားခဲ့ရသည်။ အဆိုပါဝန်ထမ်းများမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ မိမိရုံးဌာနလုပ်ငန်းတာဝန်များ ထမ်းဆောင်နေရပြီး အနယ်နယ်အရပ်ရပ်မှ ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ များစွာလာရောက်လှူဒါန်းခဲ့ကြသော်လည်း လုပ်ငန်းတာဝန်များ ထမ်းဆောင်နေ၍ ထောက်ပံ့ငွေနှင့် ပစ္စည်းများကောင်းမွန်စွာ မရရှိသည့်အတွက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ပွင့်ဖြူမြို့နယ် ရေဘေးသင့်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေကျပ် ၂၂၅၁၀၀၀၀ နှင့် ရိက္ခာပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

# ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေ ပြန်လည်ကျဆင်းနေ

**ညောင်တုန်း　　ဩဂုတ်　　၁၀**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်း ဧရာဝတီမြစ်ရေသည်စိုးရိမ်ရေမှတ်နှင့် အန္တရာယ်ရေမှတ်အထက်သို့ ကျော်လွန်ကာ ၂၂ ဒသမ ၈ ပေအထိ မြင့်တက်လာခဲ့သဖြင့် ညောင်တုန်းမြို့တွင် အခြေအနေအရ သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် တားဆီးကာကွယ်မှုကွပ်ကဲရေးရုံးဖွင့်လှစ်ကာ မြို့ပေါ်ရပ်ကွက် ၁၀ ခုအတွက် ရေဘေးလွတ်စခန်း ၁၁ ခုနှင့် ကျေးရွာဒေသများတွင်လည်း သင့်တော်သောသတ်မှတ်နေရာများ၌ ရေဘေးလွတ်စခန်းများဖွင့်လှစ်၍ လိုအပ်သောကွပ်ကဲမှုများ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ စိုးရိမ်ရသော အခြေအနေရှိသည့် (၁၂) ကမ်းနားနှင့် အခြားရေစိမ့်နေရာအချို့အား သဲအိတ်ချခြင်း၊ မြေဖို့ခြင်း၊ ရေခွေ ခွေခြင်း၊ တုတ်တန်းရိုက်ခြင်း၊ ရေကင်းလှည့်ကြည့်ရှုစစ်ဆေးခြင်း၊ နာရီစဉ် ရေမှတ်ဖတ်ခြင်းနှင့် လိုအပ်သောကဏ္ဍ ဆောင်ရွက်ခြင်းများ အချိန်ပြည့်ဆောင်ရွက်ခဲ့ရာ အတိုင်းအတာတစ်ခုအထိ ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။



"ညောင်တုန်းရေမှတ်က ၂၅ ဒသမ ၈ ပေအထိတက်ခဲ့ပေမယ့် ဩဂုတ် ၁၀ ရက်မှာ ၂၅ ဒသမ သုည ပေဆိုတော့ ရေက ပြန်လည်ကျဆင်းနေပြီလို့ ပြောလို့ရပါတယ်။ အန္တရာယ်ရေမှတ်နဲ့ စိုးရိမ်ရေမှတ်အောက်တော့ မရောက်သေးပါဘူး။ ရေကြီးနစ်မြုပ်တဲ့ဒုက္ခကို ကျွန်တော်တို့ တော်တော်ခံစားခဲ့ရတယ်။ ဒီရေတက်မှုကြောင့် ဩဂုတ် ၉ ရက်အထိ ညောင်တုန်းမြို့နယ်အတွင်း စိုက်ပျိုးဧက ၉၉၈၈ ဧက၊ ဘုန်းတော်ကြီးကျောင်း ၄၄ ကျောင်း၊ စာသင်ကျောင်း ၆၈ ကျောင်း၊ အိမ်ထောင်စု ၁၀၆၇၄ စုနှင့် ရေဘေးသင့်ပြည်သူ ၄၆၇၀၃ ဦး ထိခိုက်ခံစားခဲ့ရတယ်လို့ သက်ဆိုင်ရာက ထုတ်ပြန်တဲ့ သတင်းတွေအရ သိရပါတယ်။ ကျွန်တော်တို့ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်မောင်က စေတနာရောစီမံခန့်ခွဲမှုပါ ကောင်းတဲ့အတွက် ကွပ်ကဲရေးရုံးက ဝေခြမ်းရေးခွဲတမ်းနဲ့ အလှူရှင်တွေလည်း မျှမျှတတနဲ့ ရသင့်သလောက်ရကြပါတယ်။ ကျွန်တော်တို့ရွာနဲ့ တိုက်ရိုက်ပတ်သက်တဲ့ အလှူရှင်တွေလည်း လာရောက်လှူကြတယ်ဆိုတော့ လတ်တလော စားဝတ်နေရေးအတွက် အတော့်ကို အထောက်အကူဖြစ်ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာလူကြီး ဦးသောင်းငြိမ်းနဲ့ အလှူရှင်တွေကို အများကြီးကျေးဇူးတင်ပါတယ်။ တကယ်ခံစားရတဲ့ဒုက္ခတွေကို တကယ်ဖြူစင်တဲ့စိတ်ဓာတ်နဲ့ ဆောင်ရွက်ပေးတာ သချောပါတယ်"ဟု ဂေါ်ဒူကျေးရွာမှ ဦးညွန့်ဗိုလ်က ပြောသည်။

"ကျွန်တော်တို့ရွာက လက်လုပ်လက်စားသမား များပါတယ်။ မမျှော်လင့်ဘဲ ရေဘေးကြုံတော့ သွားစရာလည်း လှေမရှိ၊ ပြေးစရာလည်း မြေမရှိ၊ စိုက်ပျိုးစားစရာလည်း နေရာတွေ မရှိတော့ပါဘူး။ တော်တော်လည်း စိတ်ညစ်ပါတယ်။ ဘူး၊ သခွား၊ ဖရုံ၊ ပဲ၊ ကြက်ဟင်းခါး၊ ကွမ်းစိုက်ပျိုးတဲ့ ကျွန်တော်တို့ဒေသ ဘယ်ကနေ ပြန်စရပါမလဲ။ လောလောဆယ်ကွပ်ကဲရေးရုံးက တာဝန်ရှိသူတွေနဲ့ အလှူရှင်တွေ စေတနာကောင်းလို့ တစ်နေ့စာ တစ်နေ့ ဖြေရှင်းလို့ရနေတာပါ။ ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာပါတယ်။ စားဝတ်နေရေးက ဘယ်တော့မှ ပုံမှန်ပြန်ဖြစ်ပါမလဲမသိဘူး။ ရေကျရင်တော့ အိမ်ပြန်လို့ရမယ်ထင်တာပဲ" ဟု ရေနက်ပိုင်းနေသူ ဦးစိန်လှမောင်က ပြောသည်။

အဆိုပါရေဘေးဒုက္ခကြုံတွေ့ခံစားခဲ့ရသော ညောင်တုန်းမြို့၏စိုးရိမ်ရေမှတ် ၂၂ ဒသမ ၅ ပေ၊ အန္တရာယ်ရေမှတ် ၂၄ ဒသမ ၅ ပေ၊ ဩဂုတ် ၇ ရက်အထိ အမြင့်ဆုံးတက်ခဲ့သောရေမှတ် ၂၅ ဒသမ ၈ ပေနှင့် ဩဂုတ် ၁၀ ရက် နံနက် ၆နာရီ အချိန်တိုင်းထွာချက်အရ ပြန်လည်ကျဆင်းရေမှတ် ၂၅ ဒသမ သုည ပေဖြစ်ကြောင်း သိရပြီး မြို့နယ်အတွင်း ရေဘေးသင့်ဒေသများမှာ ဂေါ်ဒူ၊ ကရင်ပြာသာ၊ ဘုရားကုန်း၊ အလယ်ကုန်း၊ ကညင်ကောက်၊ ပေစိ၊ ဘောလုံး၊ ထိပ်ဝကြီး၊ ထိပ်ဝလေး၊ ရှမ်းစု၊ အေးရွာ၊ ရွာသစ်၊ ရွှေသောင်ယံ၊ ငွေသောင်ယံ၊ ဂျုံးဂျုံးကျ၊ ထိန်ကုန်း၊ စာဖြူစု၊ ကျောင်းကြီးစုနှင့် အခြားကျေးရွာအများအပြားဖြစ်ကြောင်း သိရသည်။ **သတင်းနှင့်ဓာတ်ပုံ-သပြေထွန်း**

# လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ တင်သွင်းလွှာကို ရုပ်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားသွားမည်

**နေပြည်တော် ဩဂုတ် ၁၀**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်မှ နိုင်ငံရေးပါတီများသို့ အသိပေးအကြောင်းကြားသွားမည် ဖြစ်ကြောင်း သိရသည်။

လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်များအတွက် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းများ ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်မှ ဩဂုတ် ၁၄ ရက်အထိ လည်းကောင်း၊ အမည်စာရင်း တင်သွင်းလွှာရုပ်သိမ်းခြင်း ကို ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက် နောက်ဆုံးထား၍ လည်းကောင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများသို့ တင်သွင်းနိုင်ကြောင်း ကော်မရှင်က သတ်မှတ်ကြေညာထား ပြီးဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် လွှတ်တော် မဲဆန္ဒနယ်တစ်ခုတွင် အမည်စာရင်းတင်သွင်းထားပြီး ထို မဲဆန္ဒနယ်မှအမည်စာရင်းကို မရုပ်သိမ်းဘဲ အခြား လွှတ်တော်မဲဆန္ဒနယ်တစ်ခုတွင် အမည်စာရင်းထပ်မံတင် သွင်းထားပါက သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၂၃ အရ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းမည်ဖြစ်သည်။

အမည်စာရင်းတင်သွင်းပြီးပါက တင်သွင်းထားသော အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းလိုလျှင် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၇ ရက် နောက်ဆုံးထား၍ ကော်မရှင်အဖွဲ့ ခွဲထံ တင်ပြရမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မိမိအမည်စာရင်း တင်သွင်းထားပြီးဖြစ်သည့် မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်လိုခြင်းမရှိဘဲ အခြားမဲ ဆန္ဒနယ်တစ်ခုတွင် ပြောင်းလဲယှဉ်ပြိုင်ရန် အကြောင်းပေါ် ပေါက်လာပါက ပြဋ္ဌာန်းချက်နှင့် ငြိစွန်းခြင်း မရှိစေရေး အတွက် ၂၀၁၅ ခုနှစ် ဩဂုတ် ၁၄ ရက် မတိုင်မီ ရုပ်သိမ်း လွှာတင်သွင်းကြရမည်ဖြစ်သည်။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲက လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းလွှာကို ရုပ်သိမ်းကြောင်း လက်ခံပြီးပါက သက်ဆိုင်ရာ လွှတ်တော် ရွေးကောက်ပွဲဥပဒေ ၃၄နှင့်အညီ ကိုယ်စားလှယ်လောင်း အဖြစ်မှ ရုပ်သိမ်းကြောင်း ကြေညာချက်ထုတ်ပြန်ပေးသွား မည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ထုတ်ပြန်ပြီးစီးပါက အခြားမဲဆန္ဒနယ်သို့ ပြောင်းလဲ၍ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းလိုပါက ကော်မရှင်က သတ်မှတ် ထားသည့်ကာလအတွင်း သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ ထံသို့ အမည်စာရင်း ထပ်မံတင်သွင်းနိုင်မည်ဖြစ်သည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လ ၁၀ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ပေးပို့ထောက်ပံ့မှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီးသုံးခုနှင့် ပြည်နယ်နှစ်ခုတွင် လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာ ရေဘေးသင့်အိမ်ထောင်စု ၂၀၅၈၂၄ စုမှ လူဦးရေ ၉၁၇၃၁၅ ဦး ရေဘေးသင့်ခဲ့ပြီး လူ ၁၀၀ သေဆုံးခဲ့မှုအပေါ် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာတန်ဖိုးငွေကျပ် ၈၁၆၇၀၁၀၀၊ အရေးပေါ်အစားအစာ တန်ဖိုးငွေကျပ် ၂၁၆၄၉၈၃၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၄၆၉၅၀၀၀၀၊ ကယ်ဆယ်ရေးပစ္စည်းတန်ဖိုးငွေ ကျပ် ၂၄၉၄၉၆၁၄၆ နှင့် သေဆုံးမှုထောက်ပံ့ကြေး ငွေကျပ် ၈၄၀၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၅၀၈၁၆၆၀၇၆ ကို ပေးပို့ထောက်ပံ့ခဲ့သည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ**

**၂၀၁၅ ခုနှစ်ဇွန်လ၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ရေဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့မှုအခြေအနေဇယားချုပ် (၁၀-၈-၂၀၁၅)**

| စဉ် | ဘေးဖြစ်ပွားသည့်လ တိုင်းဒေသကြီး/ပြည်နယ် | ဘေးသင့်အိမ်ထောင်စု | | ဘေးသင့် လူဦးရေ | သေဆုံး | ထောက်ပံ့မှု(ကျပ်) | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | မျောပါ/ပျက်စီး | ပြောင်းရွှေ့ | | | ဆန်ရိက္ခာ | အရေးပေါ် အစားအစာ | အိမ်ဆောက် ပစ္စည်း | ကဆရ ပစ္စည်း | သေဆုံး | စုစုပေါင်း | |
| ဇွန်လ (၂၄) ရက်နေ့မှ (၂၈) ရက်နေ့ထိ | | | | | | | | | | | | |
| ၁ | ရခိုင်ပြည်နယ် | ၃၈၉ | ၁၈၆၇ | ၁၁၅၄၂ | ၆ | ၂၈၁၅၀၀၀ | ၂၈၁၅၈၄၀ | ၄၀၁၀၀၀၀၀ | ၁၁၆၆၉၆၁၄ | ၆၀၀၀၀၀ | ၆၀၂၄၀၄၅၄ | |
| ၂ | တနင်္သာရီတိုင်းဒေသကြီး | - | ၅၆ | ၂၆၄ | - | ၁၇၄၆၀၀ | - | - | ၄၅၅၂၈၀ | - | ၆၂၉၈၈၀ | |
| ၃ | ကရင်ပြည်နယ် | - | ၇၂ | ၁၈၉ | - | - | ၉၅၆၉၄၀ | - | - | - | ၉၅၆၉၄၀ | |
| ၄ | ဧရာဝတီတိုင်းဒေသကြီး | ၄ | ၁၄၉ | ၇၁၆ | ၁ | ၅၁၇၇၅၀ | - | - | ၁၂၉၉၆၁၄ | ၁၀၀၀၀၀ | ၁၉၁၇၁၈၄ | |
| ၅ | ပဲခူးတိုင်းဒေသကြီး | ၁၂ | ၂ | - | - | - | - | - | ၂၈၁၀၅၂ | - | ၂၈၁၀၅၂ | |
| | ပေါင်း | ၄၀၅ | ၂၁၄၆ | ၁၄၉၁၁ | ၇ | ၃၅၄၇၇၅၀ | ၃၇၉၂၇၈၀ | ၄၀၁၀၀၀၀၀ | ၁၅၇၀၅၅၈၀ | ၇၀၀၀၀၀ | ၆၄၀၄၅၇၁၀ | |
| ဇူလိုင်လ(၁၆)ရက်နေ့မှ ဩဂုတ်လ (၁၀) ရက်နေ့အထိ | | | | | | | | | | | | |
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး | ၃၅ | ၁၉၁၆၁ | ၁၄၇၃၅၆ | ၈ | ၃၂၅၃၂၇၅၀ | - | ၁၇၅၀၀၀၀ | ၃၄၀၄၇၉၀၀ | ၇၀၀၀၀၀ | ၆၉၀၁၀၆၅၀ | |
| ၂ | ကချင်ပြည်နယ် | ၂ | ၁၀၉၅ | ၆၀၆၃ | ၁ | ၁၂၇၀၃၂၅၀ | - | - | ၂၉၁၀၅၄၀ | ၁၀၀၀၀၀ | ၁၅၇၁၃၇၉၀ | |
| ၃ | ရှမ်းပြည်နယ် | ၁၀၃ | ၈၀၈ | ၇၅၀၆ | ၉ | - | - | - | ၁၇၅၉၅၄၆ | ၅၀၀၀၀၀ | ၂၂၅၉၅၄၆ | |
| ၄ | မန္တလေးတိုင်းဒေသကြီး | ၉၉ | ၃၄၈၄ | ၁၅၂၄၃ | ၁၁ | ၇၁၅၃၂၀၀ | ၁၆၂၀၀ | ၄၉၀၀၀၀၀ | ၁၇၇၅၅၈၀၈ | ၈၀၀၀၀၀ | ၃၀၆၂၅၂၀၈ | |
| ၅ | ချင်းပြည်နယ် | ၁၉၅၂ | ၁၅၃၆ | ၇၆၇၈ | ၄ | - | - | - | ၄၈၅၄၆၈ | ၁၀၀၀၀၀ | ၅၈၅၄၆၈ | |
| ၆ | ရခိုင်ပြည်နယ် | ၁၀၄၈၃ | ၁၆၇၀၃ | ၈၆၀၀၄ | ၅၆ | - | - | - | ၇၀၄၀၁၆၉၄ | ၅၅၀၀၀၀၀ | ၇၅၉၀၁၆၉၄ | |
| ၇ | ကရင်ပြည်နယ် | - | ၇၈၁ | ၁၈၉၀ | - | ၅၂၁၀၂၀၀ | ၁၁၆၈၂၈၅၀ | - | - | - | ၁၈၉၁၁၀၅၀ | |
| ၈ | မွန်ပြည်နယ် | - | ၁၅၁၅ | ၆၆၃၂ | - | - | ၄၁၅၈၀၀၀ | - | ၂၃၄၉၅၇၀ | - | ၆၅၀၇၅၇၀ | |
| ၉ | ပဲခူးတိုင်းဒေသကြီး | ၁၁ | ၁၆၄၁၅ | ၆၂၃၉၂ | ၂ | - | - | - | ၂၈၈၂၉၈၂၀ | - | ၂၈၈၂၉၈၂၀ | |
| ၁၀ | မကွေးတိုင်းဒေသကြီး | ၂၇၁၀ | ၆၃၇၄၄ | ၂၀၈၀၄၆ | ၂ | ၅၇၆၀၀၀၀ | - | ၁၀၀၀၀၀၀၀၀ | ၅၆၀၂၃၃၅၀ | - | ၁၆၁၇၈၃၃၅၀ | |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ၂၀၁ | ၆၀၁၁၉ | ၂၄၃၂၂၈ | - | ၁၄၇၂၆၇၀၀ | - | - | ၈၆၇၂၁၃၀ | - | ၂၃၃၉၈၈၃၀ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂၇ | ၂၂၉၉ | ၈၁၆၆ | - | ၁၆၆၅၀ | - | - | ၁၀၅၅၂၇၄၀ | - | ၁၀၅၆၉၃၉၀ | |
| | ပေါင်း | ၁၅၆၁၃ | ၁၈၇၆၆၀ | ၉၀၂၄၀၄ | ၉၃ | ၇၈၁၂၂၃၅၀ | ၁၇၈၅၇၀၅၀ | ၁၀၆၆၅၀၀၀၀ | ၂၃၃၇၉၀၅၆၆ | ၇၇၀၀၀၀၀ | ၄၄၄၁၂၀၃၆၆ | |
| | ဇွန်၊ ဇူလိုင်၊ ဩဂုတ်လစုစုပေါင်း | ၁၆၀၁၈ | ၁၈၉၈၀၆ | ၉၁၇၃၁၅ | ၁၀၀ | ၈၁၆၇၀၁၀၀ | ၂၁၆၄၉၈၃၀ | ၁၄၆၉၅၀၀၀၀ | ၂၄၉၄၉၆၁၄၆ | ၈၄၀၀၀၀၀ | ၅၀၈၁၆၆၀၇၆ | |

# ပွင့်ဖြူမြို့နယ် မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရန် ထွန်ယက်ရေးလုပ်ငန်းများ စက်မှုလယ်ယာဦးစီးဌာနမှ ကူညီဆောင်ရွက်ပေး

**ပွင့်ဖြူ ဩဂုတ် ၁၀**

ပွင့်ဖြူမြို့နယ် ရေဘေးသင့်ဒေသ ကျေးရွာများရှိ ရေနစ်မြုပ်လယ်ယာ များတွင် မိုးစပါး အချိန်မီထွန်ယက် စိုက်ပျိုးနိုင်ရေးအတွက် စက်မှု လယ်ယာဦးစီးဌာန(ရုံးချုပ်)၏ အစီ အစဉ်ဖြင့် တောင်မှန်းမြောင်းမကြီး၊ မြောက်မှန်းမြောင်းမကြီးနှင့် မုန်း ချောင်းလွင်ပြင်ဒေသတို့တွင် ထွန်စက် ကြီးများဖြင့် လယ်မြေများပြုပြင်ပေး လျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ၁၅ အုပ်စု၊ ပြီးစီးမှုဧက ၄၀၂ ဧက အား အဖွဲ့လိုက်ထွန်ယက်ပြီး ဖြစ် ကြောင်းသိရသည်။

ယင်းသို့ လယ်ထွန်စက်ကြီးများဖြင့် ထွန်ယက်ရာတွင် စက်ချွတ်ယွင်းမှုများ ရှိပါက လုပ်ငန်းများအရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးနှင့် အချိန်ကြန့်ကြာမှု မရှိစေရေးတို့အတွက် ထွန်စက်၊ ရေစုပ်စက်နှင့် လက်တွန်းထွန်စက်များ ကို ကျေးရွာများအရောက်ကွင်းဆင်း ပြင်ဆင်ပေးလျက်ရှိရာ ယနေ့အထိ ကျေးရွာအုပ်စု ၁၈ အုပ်စု၊ စက်စီးရေ ၆၅စီးအား အဖွဲ့၁၀ဖွဲ့ဖြင့် ပြင်ဆင်နိုင် ခဲ့ကြောင်းသိရသည်။

လယ်ယာများ အချိန်မီစိုက်ပျိုးနိုင် ရေး ဆောင်ရွက်ရာတွင် စက်မှု လယ်ယာဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ်ဦးပုလဲမောင်၊ ညွှန်ကြား ရေးမှူး ဦးထူးကြည်၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးခင်မောင်ဇင်တို့က အနီး ကပ် ကြီးကြပ်လျက် အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**ခင်မာလာ(မကွေး)**

**နိုင်ငံအဝန်း သစ်တော စွမ်းဖြင့် စိမ်းလန်း စေရမည်**

# ရေနစ်မြုပ်မှုများကြည့်ရှု၍ ယာယီပြောင်းရွှေ့လာသူ မိသားစုများအား တွေ့ဆုံကာ စားသောက်ဖွယ်ရာများထောက်ပံ့



**မန္တလေး ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသော ဦးကျော်ဆန်း၊ ဦးအောင်ဇံနှင့်တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် (မန္တလေးဘက်ခြမ်း၊ ဂေါဝိန်ဆိပ်ကမ်းမှ အိုးဘိုအထိ) သဲအိတ်များချခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ မန္တလေးမြို့မှ ညောင်ဦးမြို့အထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ကျွန်းများပေါ်ရှိကျေးရွာများ ရေနစ်မြုပ်မှုအခြေအနေ၊ မြစ်ရေမြင့်တက်မှုအခြေအနေနှင့် မြစ်ကမ်းဘေးတစ်လျှောက် ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ညောင်ဦးမြို့နယ်နှင့် မြင်းခြံမြို့နယ်များအတွင်း ကျွန်းများရှိကျေးရွာများမှ ယာယီပြောင်းရွှေ့လာသူမိသားစုများအား ပြုစုစောင့်ရှောက်ထားမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဩဂုတ် ၆ ရက်နံနက်ပိုင်းတွင် ဧရာဝတီမြစ်ကမ်းတစ်လျှောက် (မန္တလေးဘက်ခြမ်း၊ ဂေါဝိန်ဆိပ်ကမ်းမှ အိုးဘိုအထိ) မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ မြစ်ရေလျှံမှု ကာကွယ်ရေးသဲအိတ်များချခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေယာဉ်ဖြင့် မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ ညောင်ဦးဆိပ်ကမ်းထိ ဧရာဝတီမြစ်ကြောင်းတစ်လျှောက် အနိမ့်ပိုင်းကျေးရွာများတွင် ရေဝင်ရောက်မှုအခြေအနေများနှင့် မြစ်ကမ်းပါးပြိုကျမှုများအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေများကို လိုက်လံကြည့်ရှုကာ သက်ဆိုင်ရာတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ညနေ ၄ နာရီတွင် ညောင်ဦးဆိပ်ကမ်းသို့ရောက်ရှိပြီး ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာဘုန်းတော်ကြီးကျောင်း ယာယီနားခိုစခန်းတွင် ကျွန်းပေါ်ရှိ ဆယ်လံကျေးရွာမှ ယာယီပြောင်းရွှေ့အိမ်ထောင်စု ၂၈၇ စု၏ မိသားစုဝင် ၁၂၅၁ ဦး၊ သူကောင်းတည်ကျေးရွာဘုန်းတော်ကြီးကျောင်း ယာယီနားခိုစခန်းတွင် ယာယီပြောင်းရွှေ့အိမ်ထောင်စု ၉၁ စု၏ မိသားစုဝင် ၂၈၆ ဦးတို့ကိုလည်းကောင်း၊ ဩဂုတ် ၇ ရက် နံနက်ပိုင်းတွင် မြင်းခြံမြို့နယ် ရွာစည်ကျေးရွာ (တောင်) ဘုန်းတော်ကြီးကျောင်း၊ ရှားတောကျေးရွာ ပုဗ္ဗာရုံကျောင်းတိုက်၊ အမှတ် (၁၀) ရပ်ကွက်အတွင်း ကိုးဆောင်ကျောင်းတိုက်၊ ခေါင်းကွဲကျေးရွာ ပရိယတ္တိကျောင်းတိုက်အသီးသီးတို့တွင် ကျွန်းများပေါ်မှ ယာယီပြောင်းရွှေ့လာသူများအား စောင့်ရှောက်ထားမှုနှင့် အဝတ်အထည်၊ အစားအသောက်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာများ ဆောင်ရွက်ပေးမှုအခြေအနေများကို ကြည့်ရှုပြီး ဝန်ကြီးချုပ်က ပြောင်းရွှေ့လာသူမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများထောက်ပံ့ပေးကာ လာရောက်လှူဒါန်းကြသော လူမှုရေးအသင်းအဖွဲ့များကိုလည်း ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

**မောင်ပြည်သူ(မန္တလေး)**

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရန်ပုံငွေများ ခွဲဝေပေးအပ်

**မောက်မယ် ဩဂုတ် ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်သူ့လွှတ်တော်ရန်ပုံငွေသိန်း ၁၀၀၀ ဖြင့်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာစီမံခန့်ခွဲမှုကော်မတီများထံသို့ ခွဲဝေလွှဲပြောင်းပေးအပ်ပွဲကို မောက်မယ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဩဂုတ် ၆ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှာစကားပြောကြားပြီး ပြည်သူများ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ လူမှုဘဝတိုးတက်မြင့်မားစေရေး၊ သောက်သုံးရေရရှိရေး၊ မီးရရှိရေးကိစ္စရပ်များအတွက် ဆွေးနွေးခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုင်းမျိုးသန့်(ပြန်/ဆက်)**

# အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပစ္စည်းများထောက်ပံ့

**မြင်းခြံ ဩဂုတ် ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့တွင် ရေဘေးရှောင်ပြည်သူများအား မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကြီးကြပ်မှုအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုလွင်၊ မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်သန္တာဘုန်းဝင်းတို့သည် ဩဂုတ် ၆ ရက် ညနေ ၆ နာရီက ရေဘေးရှောင်ပြည်သူများနေထိုင်ရာ အမှတ်(၁၄)ရပ်ကွက် ဓမ္မာရုံနှင့် ရွာစည်တောင်ဘုန်းတော်ကြီးကျောင်းများသို့ သွားရောက်ပြီး ပစ္စည်းများထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ရေဘေးရှောင်ပြည်သူများအတွက် စောင်၊ အနှီးပိတ်၊ ကြက်ဥ၊ မုန့်ထုပ်များ၊ လက်ဖက်ထုပ်များကို ပေးအပ်ခဲ့ကြပြီး မိခင်နှင့်ကလေးများကို ပြုစုစောင့်ရှောက်နည်းများ၊ ကျန်းမာရေးကို ဂရုပြုနေထိုင်ကြရေးတို့ကို ပြောကြားပေးခဲ့ကြောင်းသိရသည်။

ယင်းနေ့က ရေဘေးရှောင်ပြည်သူများအား ပစ္စည်းများထောက်ပံ့လှူဒါန်းရာသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းဝင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီဝင်းနှင့် အဖွဲ့ဝင်များ လိုက်ပါခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**


**စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက် အရောင်းတာဝန်ခံ**
**ဝန်ထမ်း ကိုဇော်သူ(ခ)ကိုဘိုဘို[၁၂/ဗတထ(နိုင်)၀၃၈၀၅၀](ဘ)ဦးမျိုးဇော်နှင့်**
**အများသိရှိရန်ကြေညာချက်**

စော်ဘွားလေး ဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ အရောင်းတာဝန်ခံအဖြစ် ယခင်က ဆောင်ရွက်ခဲ့သော ကိုဇော်သူ(ခ)ကိုဘိုဘိုမှာ ကျွန်ုပ်မိတ်ဆွေမန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မောင်၏ ကုမ္ပဏီပိုင်ကုန်ပစ္စည်းများ ရောင်းရငွေ ကျပ် ၂၆၅၀၀၀၀၀/- (ကျပ်နှစ်ရာခြောက်ဆယ့်ငါးသိန်း)ကျော်ခန့်အား ကုမ္ပဏီ၏ခွင့်ပြုချက်မရရှိဘဲ ကိုယ်ကျိုးအတွက် သုံးစွဲအလွဲသုံးစားပြုပြီး၊ တိမ်းရှောင်နေ၍ ဤကြေညာချက်ပါသည့်နေ့ရက်မှ (၃)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီမန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မောင်ထံ လာရောက်ဖြေရှင်းရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဗိုလ်ဗိုလ်မောင်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နုနုရီ (စဉ်-၇၃၈၈)** **ဦးသိန်းမြင့်(စဉ်-၆၉၃၀)** **ဦးနိုင်လင်းထွန်း(စဉ်-၂၇၆၁၅)**
**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**



**ဦးထိပ်တင်မြင့်နှင့် တရားလွှတ်တော်ရှေ့နေ(၁၇၇၀)ဦးမင်းဆွေ B.A,R.Lတို့သိစေရန်**
**ပြန်လည်ရှင်းလင်းချက်**

၆-၈-၂၀၁၅ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ(၂၇)နှင့် ၇-၈-၂၀၁၅ရက်စွဲပါ ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ(၂၂)ပါ ဦးမင်းဆွေ၏ အကြောင်းကြားခြင်းခေါင်းစဉ်တွင် ဖော်ပြထားသော ဒေါ်ထိပ်တင်ညွန့်၏ ကျန်ရစ်ခဲ့သောပစ္စည်းများကို ဦးမင်းဆွေထံသို့ (၇)ရက်အတွင်း နောက်ဆုံးထား၍ စာရင်းရှင်းလင်းလွှဲပြောင်းပေးပါရန် ဖော်ပြပါရှိကြောင်းတွေ့ရှိရပါသည်။

ဦးမင်းဆွေ(သို့မဟုတ်) ဦးထိပ်တင်မြင့်တို့ကိုယ်တိုင် ဒေါ်ထိပ်တင်လှ၊ ဒေါ်ထိပ်တင်အေးတို့၏ တရားဝင်လွှဲအပ်ပေးထားသော ကိုယ်စား လှယ်လွှဲစာကို တစ်ပါတည်းယူဆောင်လျက် ၂၀၁၅ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက် မွန်းလွဲ ၂နာရီတိတိတွင် ဦးထိပ်တင်လွင်နှင့် ဒေါ်တိုးနန္ဒာတင်တို့ နေထိုင်သော အင်းစိန်မြို့နယ်နေအိမ်သို့ လာရောက်ပြီး လူကြီးမင်းတို့၏သတင်းစာကြော်ငြာပါပစ္စည်းများကို အမွေစားအမွေခံတို့ မည့်သို့မည်ပုံ ခွဲဝေလက်ခံရယူကြမည်ကို လာရောက်ညှိနှိုင်းကြပါရန် အကြောင်းကြားအပ်ပါသည်။

ဒေါ်ထိပ်တင်ညွန့်၏ ကျန်ရစ်သောပစ္စည်းများကို ကွယ်လွန်သူ၏ဆန္ဒအရ တရားဝင်ထိန်းသိမ်းထားသူမှာ အမွေဆိုင်တစ်ဦးဖြစ်သော ဦးထိပ်တင်လွင်၏ဇနီး ဒေါ်တိုးနန္ဒာတင်သာဖြစ်ကြောင်း သိရှိပါလျက် ဒေါ်တိုးနန္ဒာတင်၏ ရာထူးကိုဖော်ပြပြီး သတင်းစာတွင် ကြော်ငြာခဲ့ခြင်းမှာ ဂုဏ်သိက္ခာကျဆင်းစေရန် တမင်ရည်ရွယ်ချက်ပါရှိသဖြင့် ထိုသတင်းစာပါကြော်ငြာချက်ကို (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပေးပါရန် အကြောင်းကြားအပ်ပါသည်။

(ဦးထိပ်တင်လွင်-ဒေါ်တိုးနန္ဒာတင်)



**ဒေါ်နီလာအေး(အဖ-ဦးခင်မောင်အေး) [၁၂/ဗဟန(နိုင်)၀၂၅၀၁၃]သိသာပါရန်**

ဒေါ်သင်းသင်းမြင့်[၁၂/ဆကခ(နိုင်)၀၀၉၈၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြားအပ်ပါသည်။ ဒေါ်နီလာအေးအား ဒေါ်သင်းသင်းမြင့်မှ အဆက်အသွယ်ရရှိရန် အကြိမ်ကြိမ်ကြိုးပမ်းဆောင်ရွက်ခဲ့သော်လည်း အဆက်သွယ်လုံးဝမရသဖြင့် ဤသို့အသိပေးအကြောင်း ကြားရခြင်းဖြစ်ပါသည်။

ဒေါ်နီလာအေးနှင့် ဒေါ်သင်းသင်းမြင့်တို့က ကတိပဋိညာဉ်စာချုပ်များ ချုပ်ဆိုခဲ့ကြရာတွင် အဆိုပါစာချုပ်များပါ ကတိပဋိညာဉ်များအတိုင်း ဆောင်ရွက်ပေးရန်(သို့မဟုတ်)အဆိုပါစာချုပ်များ၏ ကတိပဋိညာဉ်ပါ ငွေကြေးတန်ဖိုးများကို ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း စီစဉ်ဆောင်ရွက်ပေးပါရန်နှင့် စီစဉ်ဆောင်ရွက်ပေးခြင်းမပြုပါက ဒေါ်သင်းသင်းမြင့် အနေဖြင့် ဥပဒေနှင့်အညီ စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အကြောင်းကြားပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သင်းသင်းမြင့်**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သီတာလွင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၉၊ ၁-လမ်း၊ ခနောင်တိုအနောက်ရပ်ကွက်၊**
**ဆိပ်ကြီးခနောင်တိုမြို့နယ်။**



**အမည်ပြောင်း**

အဖ ဦးဝင်းထွန်း၏ သမီးဖြစ်သူ အထက (၂)ဒဂုံ၊ ဒသမတန်း(ဂ)တွင် ပညာသင်ကြားနေသော မနှင်းနန္ဒာဦးအား မရွှေစင်မေဦးဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မရွှေစင်မေဦး**



**မြေကွက်ရောင်းရန်ရှိသည်**

မင်းနန္ဒာအိမ်ရာ၊ မင်းနန္ဒာလမ်း၊
ဒေါပုံမြို့နယ်
အကျယ်အဝန်း ပေ(၁၀၀×၁၅၀)
1sqft = တစ်သိန်း
Ph: 09-5042122



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်လင်းကိုကိုဇော် [၁၂/မရက(နိုင်)၁၅၄၃၆၈]၏ Passport No.M628746 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၉၀၀၂၄၁၈



**၆-၈-၂၀၁၅ရက်ထုတ်**
**MYANMAR NEWSWEEK စာစောင်၊**
**စာမျက်နှာ-၁၄ သတင်းဖော်ပြချက်နှင့်စပ်လျဉ်း၍**
**အသိပေးကြေညာချက်**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်မြို့၊ အောင်မင်္ဂလာအဝေးပြေးဝင်း ရဲအောင်လံယာဉ်လိုင်းပိုင်ရှင် ဦးဝမ်းကြည်၏ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၆-၈-၂၀၁၅ရက်ထုတ် MYANMAR NEWSWEEK စာစောင်အတွဲ-၂၊ အမှတ်-၉၈၊ စာမျက်နှာ-၁၄တွင် "တောင်ကုတ်တွင် မော်တော်ကားတိမ်းမှောက်မှုကြောင့် လူ ၃၀ ဒဏ်ရာရ"ဟူသောခေါင်းစဉ်ဖြင့် သတင်းတစ်ရပ်ဖော်ပြခဲ့ရာတွင် ရဲအောင်လံယာဉ်လိုင်းကားဓာတ်ပုံအား ပူးတွဲဖော်ပြထားပါသည်။ တောင်ကုတ်တွင် ရဲအောင်လံယာဉ်လိုင်း၏ မည်သည့်ကားမျှ တိမ်းမှောက်မှုဖြစ်ပွားခဲ့ခြင်းမရှိသည့်အပြင် ဓာတ်ပုံနှင့်သတင်းဖြစ်စဉ်ပတ်သက်ခြင်းတစ်စုံတစ်ရာမျှလည်းမရှိပါ၍ ယင်းဓာတ်ပုံဖော်ပြမှုသည် ရဲအောင်လံယာဉ်လိုင်း၏ ဂုဏ်သိက္ခာနှင့်အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးစေလျက်ရှိပါသည်။ သို့ပါ၍ ယင်းသတင်းဓာတ်ပုံဖော်ပြမှုသက်ဆိုင်သူများအနေဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်၏အမှုသည်ထံ လာရောက်ဖြေရှင်းပေးရန် တောင်းဆိုကြောင်းနှင့် မလိုက်နာက ဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးခင်မောင်မြင့်- B.A(Law),LL.B.,DL Graduate (WIPO-switzerland),Advocate(No.2269)
ဒေါ်မြင့်သီရိ- LL.B.,B.Sc.Engg(I.T),H.G.P(No.28318)
ဒေါ်လွင်နွမ်းဝှန်- LL.B.,D.B.L,D.M.L.,HGP(No.33303)
ဒေါ်အေးမြတ်ကြည်- LL.B.,HGP(No.45602)
MAC Tower, #၅၆၁၊ (ပထမထပ်)ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Tel:95-1-706846/384382,H.P:95-1-512448
E-mail:kmm-lawyer@myanmar.com.mm.

# ရေယာဉ်များ၌ ဆက်သွယ်ရေးစက်တပ်ဆင်ရန် ညွှန်ကြားချက်ထုတ်



**ကော့သောင်း ဩဂုတ် ၁၀**

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားရှိသည့် ကမ်းရိုးတန်းသွားရေယာဉ်များတွင် ဆက်သွယ်ရေးစက်များ တပ်ဆင်အသုံးပြုကြရန် ညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

ရေယာဉ်များ L.S.A Safety Equipment Certificate လိုင်စင်သက်တမ်းတိုးမည့် ရာသီချိန်နီးကပ်လာပြီဖြစ်သောကြောင့် ထုတ်ပြန်သည့်ညွှန်ကြားချက်များမှာ ရေယာဉ်လိုင်စင်သက်တမ်းတိုးသည့် လုပ်ငန်းကဏ္ဍတွင် မလိုလားအပ်သည့် ကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် ဦးစီးဌာနအနေဖြင့် ဆောင်ရွက်ပေးစေလိုသည့်ဆန္ဒရှိကြောင်း ရေယာဉ်လုပ်ငန်းလုပ်ကိုင်ကြသည့် လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

အဆိုပါညွှန်ကြားချက်အရ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာ့ကမ်းရိုးတန်းသွား ပုဂ္ဂလိကပိုင် ငါးဖမ်း၊ ငါးသယ်၊ ကုန်တင်၊ ဆီတင်၊ ခရီးသည်တင်ရေယာဉ်များတွင် VHF(RT) နှင့် MF/HF (RT) ဆက်သွယ်ရေးစက်များအား ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁ ရက် နောက်ဆုံးထားတပ်ဆင်အသုံးပြုကြရန်နှင့် တပ်ဆင်ထားခြင်းမရှိသည့်ရေယာဉ်များအား L.S.A Safety Equipment Certificate များအား သက်တမ်းတိုးမြှင့်ဆောင်ရွက်ပေးခြင်း ဆိုင်းငံ့ထားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါညွှန်ကြားချက်ထုတ်ပြန်ခြင်းနှင့်စပ်လျဉ်း၍ ရေယာဉ်များတွင် ဆက်သွယ်ရေးစက် တပ်ဆင်သုံးစွဲခြင်းသည် လှိုင်းလေထန်သည့် ပင်လယ်ပြင်အတွင်း လုပ်ကိုင်ရသည့်အတွက် ပင်လယ်အတွင်း ဘေးအန္တရာယ်ကြုံလာသည့်အချိန် အရေးပေါ် ဆက်သွယ်ပြောဆို အကူအညီတောင်းရန် လွန်စွာအသုံးဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ဆက်သွယ်ရေးစက် အသုံးပြုရသည့်လှေအမျိုးအစား ရှိသကဲ့သို့ မလိုအပ်၍ အသုံးမပြုသောလှေအမျိုးအစားများလည်း ရှိကြောင်း ကမ်းရိုးတန်းသွား ရေယာဉ်လုပ်ငန်းရှင်တချို့ကပြောသည်။ **ကျော်စိုး(ကော့သောင်း-ပြန်/ဆက်)**

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်း ရေကြီးရေလျှံမှုကို ကြိုတင်ပြင်ဆင်တားဆီး

**ရန်ကုန် ဩဂုတ် ၁၀**

မြစ်ချောင်းများရေလျှံမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များအား ရေနစ်မြုပ်မှု မဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ဩဂုတ် ၉ ရက်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းလင်းက ပြောခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းနေသည့် မဲချောင်း ဒီရေဝင်ရောက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုပြီး ကြိုတင်ပြင်ဆင်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ကြည့်ရှုခဲ့သည်။

"မဲချောင်းက အမှတ်(၁) ရပ်ကွက်နဲ့(၅၂)ရပ်ကွက်ကို ဖြတ်သန်းစီးဆင်းပြီး ငမိုးရိပ်မြစ်ထွက်ပေါက်ကို စီးဝင်သွားတဲ့ချောင်းပါ။ မိုးရာသီမှာ ငမိုးရိပ်ချောင်းရေလျှံပြီး မဲချောင်းထဲကို ဝင်ရောက်လာတဲ့အတွက် ရေကြီးရေလျှံမှုမဖြစ်အောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေတာပါ" ဟု ဦးအောင်ဆန်းလင်းက ဆက်လက်၍ပြောသည်။

"ဟိုတစ်နေ့က မဲချောင်း ရေလျှံပြီး ရပ်ကွက်ထဲကို ရေတွေဒလဟောဝင်လာလို့ တော်တော်လန့်သွားတယ်။ ဒါပေမယ့် သက်ဆိုင်ရာက အချိန်မီတားဆီးကာကွယ်နိုင်လို့ ကျွန်မတို့ကံကောင်းသွားတယ်"ဟု ယင်းရပ်ကွက်တွင် နေထိုင်သူတစ်ဦးက မဲချောင်းရေလျှံမှုဖြစ်စဉ်ကို ပြောပြသည်။

အဆိုပါ မဲချောင်းသည် ရွှေပေါက်ကံမြို့သစ်နှင့် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်ကို ဆက်သွယ်ဖောက်လုပ်နေသည့် ငမိုးရိပ်ချောင်းကူး(ဘေလီ)တံတားအနီးတွင် တည်ရှိသည်။

**မောင်သုည**

## သတင်းတို

### ရေဘေးရှောင်ပြည်သူများအား အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ရေဘေးရှောင်ပြည်သူများ နေထိုင်ရာ ယာယီစခန်းများသို့ ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ချောက်မြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်လာ၍ ရပ်ကွက်/ကျေးရွာများသို့ ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ပြီး ရပ်ကွက်နှင့်ကျေးရွာနေပြည်သူများသည် ရေဘေးရှောင်ယာယီစခန်းများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရသည်။ အဆိုပါ အသိပညာပေးလုပ်ငန်းများမှာ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်း၊ ရုပ်မြင်သံကြားပြသပေးခြင်းနှင့် အသိပညာပေးဟောပြောပွဲများကို ချောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုမာနှင့် ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချောက်(ပြန်/ဆက်)**

### ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်

ကျောင်းကျန်းမာရေးရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ဩဂုတ် ၆ ရက်က အ. ထ. က (ခမောက်ကြီး) ကျောင်းသို့ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ကျောင်းကျန်းမာရေးလုပ်ငန်းများကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါပူးပေါင်းအဖွဲ့သည် အခြေခံပညာမူလတန်းကျောင်းများတွင် ပညာသင်ယူလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ၏ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ တစ်ကိုယ်ရေသန့်ရှင်းမှုရှိစေရေး၊ ကျန်းမာရေးကောင်းမွန်ပြီး အေးချမ်းစွာပညာသင်ကြားနိုင်ရေးအတွက် ရည်ရွယ်ကြောင်း သိရသည်။ ယင်းသို့ဆောင်ရွက်မှုတွင် ကျောင်းသား ကျောင်းသူ ၄၃၈ ဦးအား ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့်ဆေးဝါးများဖြင့်ကုသမှုပေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်း စသည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းမှုလုပ်ငန်းများ စစ်ဆေးပညာပေးခြင်း၊ သောက်သုံးရေကန်များ၌ ခြင်မပေါက်ပွားရေး၊ ဖုံးအုပ်သုံးစွဲရေး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခမောက်ကြီး(ပြန်/ဆက်)**

**ချမ်းမိုင်းသစ္စာ** 562829,09-73198239 569782,09-45006779
• ရွှေတောင်ပြေးပွဲတော်(သီးသန့်) (၂/၃) ကားမျိုးစုံ စီးသုံးငှား စီစဉ်ပေးပါသည်။
• ရွှေတောင်ပြေးပွဲတော်၊ မန္တလေး၊ ပြင်ဦးလွင် (၃/၄)
• ရွှေတောင်ပြေး၊ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄/၅)
• ရွှေတောင်ပြေး၊ မန္တလေး၊ စစ်ကိုင်း၊ ပုဂံ၊ ပုပ္ပါး (၄/၅)
ချောင်းသာ (အငှား သော့ကြား)

**အများသိစေရန် ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကဝိန္ဒ(ခ)ဦးကျော်ဝေယံ[၁၄/ဘကလ(နိုင်)၂၂၁၄၆၄] အမှတ်(၈/၁၇)၊ ဘုရင့်နောင်လမ်း၊ စိုက်/မွေး၊ (၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့နေထိုင်သူ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေသည် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ အမှတ်(၈၁)၊ မြေတိုင်းအမှတ်(၂၂×၂)၊ မြေကွက်အမှတ်(V-314)၊ အလျားပေ၅၀×အနံ ၂၅ပေရှိသော မြေကွက်ပေါ်ရှိ အဆောက်အအုံ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်းပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ၂၄-၉-၂၀၁၄ရက်စွဲပါ စာအမှတ်-(၃၇၀/၀၅-၁၂/၃/သာ-မဟန)စာဖြင့် "ပိုင်ဆိုင်လိုသူက စေဒကပြုစွဲဆိုရန်"ဟု ဆုံးဖြတ်ညွှန်ကြားချက်အရ ဦးဝင်းဆွေပါ(၃)ဦးအား (၁-၁၂-၂၀၁၄)ရက်တွင် တရားစွဲဆိုထားပြီးဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ၁၈-၆-၂၀၁၅ရက်စွဲပါ စာအမှတ်[၀၅၀(ဝိ-ထွေ)-၁၂/၁/ဝိ-မဟန]စာဖြင့် ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း၍ တိုင်းအဆင့်ဂိုဏ်းပေါင်းစုံ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းစစ်ဆေး ဆောင်ရွက်စေရန်နှင့် စစ်ဆေးနေစဉ်အတွင်း ဦးဝင်းဆွေ၏ အချင်းဖြစ်မြေကွက်ပေါ်တွင် ဆောက်လုပ်လျက်ရှိသော ဆောက်လုပ်မှုကို ရပ်ဆိုင်းထားရန် ဆုံးဖြတ်ညွှန်ကြားထားပါသည်။

ယင်းဆုံးဖြတ်ချက်ကို ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့၏ ၂၂-၆-၂၀၁၅ရက်စွဲပါစာအမှတ်(၁၇၂၄/တနက/ (ဝိ-ထွေ)/၂၀၁၅-ပါစာဖြင့်လည်းကောင်း၊ လမ်းမတော်မြို့နယ် သံဃနာယကအဖွဲ့၏ ၆-၇-၂၀၁၅ရက်စွဲပါ စာအမှတ်-၄၁/မနက-လမတ-ပါ စာဖြင့်လည်းကောင်းရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် သက်ဆိုင်ရာဌာနများသို့ အဆောက်အအုံ ဆောက်လုပ်ခွင့်နှင့် ပတ်သက်ပြီး ရပ်ဆိုင်းထားရန် ထပ်ဆင့်ညွှန်ကြားထားပြီးဖြစ်ပါသည်။

သို့ဖြစ်ရာ အထက်ပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အအုံပိုင်ဆိုင်ခွင့်တို့သည် ဦးကျော်ဝေယံနှင့် ဦးဝင်းဆွေပါ (၃)ဦးတို့ လက်ရှိအချိန်တွင် အမှုအခင်း ဖြစ်ပွားနေသည့်အတွက် ယင်းမြေကွက်နှင့် မြေကွက်ပေါ်ရှိ တိုက်ခန်းများအား ဦးကဝိန္ဒ(ခ)ဦးကျော်ဝေယံ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ကြိုပွဲ့စနစ်ဖြင့် ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ လှူဒါန်းခြင်း၊ ပိုင်ဆိုင်မှုကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း မြေပုံမြေရာဇဝင် ကူးယူခြင်းမပြုလုပ်ကြပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်လိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသိန်းလှိုင်ထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၁၉)**
**အမှတ်(၉၃/ခ)၊ စကားဝါလမ်း၊ အပိုင်(၈)၊ (၈၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်မြို့။**

**စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက်အရောင်းတာဝန်ခံ ကိုဇော်သူ(ခ)ကိုဘိုဘို[၁၂/ဗတထ(နိုင်)၀၃၈၀၅၀](ဘ) ဦးမျိုးဇော်နှင့် အများသိရှိရန်ကြေညာချက်**

စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက်မန်နေးဂျင်း ဒါရိုက်တာ ဦးဗိုလ်ဗိုလ်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

စော်ဘွားလေးဗိုလ်ဗိုလ်မောင် ကုမ္ပဏီလီမိတက်မှ အရောင်းတာဝန်ခံအဖြစ် ယခင်က ဆောင်ရွက်ခဲ့သော ကိုဇော်သူ(ခ)ကိုဘိုဘိုမှာ ကျွန်ုပ်မိတ်ဆွေ မန်နေးဂျင်းဒါရိုက်တာ ဦးဗိုလ်ဗိုလ်မောင်၏ ခွင့်ပြုချက်မရရှိဘဲ ကုမ္ပဏီပစ္စည်းများ၊ ရောင်း/ဝယ်၊ ငွေပေး ငွေယူ ဘောက်ချာစာအုပ် တစ်အုပ်နှင့် ကျွန်ုပ်မိတ်ဆွေပိုင် ၀၉- ၄၂၀၁၂၄၇၃၁ လက်ကိုင်ဖုန်းတို့ကို ယူဆောင်သွားပြီး ကုမ္ပဏီ၏ ကုန်ပစ္စည်းများရောင်း/ဝယ်၊ ငွေပေး၊ ငွေယူပြုလုပ်ခြင်းများကို မရိုးမဖြောင့်၊ လိမ်လည် အလွဲသုံးစားပြုလုပ်၍ ထွက်ပြေးတိမ်းရှောင်နေပါသည်။ သို့အတွက် ကျွန်ုပ်မိတ်ဆွေ ကုမ္ပဏီ၏ အရောင်းတာဝန်ခံ ဝန်ထမ်းဟောင်းမှ အထက်ပါ ဖုန်းနံပါတ်ဖြင့်လည်းကောင်း၊ ကုမ္ပဏီဘောက်ချာစာအုပ်ဖြင့်လည်းကောင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်းမှာ ကုမ္ပဏီနှင့် လုံးဝပတ်သက်ခြင်းမရှိပါ၍ မည်သူမျှ (မည်သည့်အရောင်းအဝယ်ဆိုင်မျှ) ကိုဇော်သူ(ခ)ကိုဘိုဘိုနှင့် ပတ်သက်ပြီး၊ ကုန်ပစ္စည်းရောင်းဝယ်ခြင်း၊ ငွေပေးငွေယူပြုလုပ်ခြင်းတို့ကို လုံးဝမပြုလုပ်ကြပါရန် အသိပေး ကြေညာအပ်ပါသည်။

**ဦးဗိုလ်ဗိုလ်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နုနုရီ(စဉ်-၇၃၈၈) ဦးသိန်းမြင့်(စဉ်-၆၉၃၀) ဦးနိုင်လင်းထွန်း(စဉ်-၂၇၆၁၅)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**

**မပို့ပို့သွင်၏မိသားစုနှင့် အများသိစေရန်အသိပေးကြေညာခြင်း**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဂ)ရပ်ကွက်၊ မြေကွက်အမှတ်-၃၃၅အေ၊ နှစ်(၆၀)ဂရန်မြေ၏ အကျယ်ပေ(၂၀×၆၀) ဧရိယာ(၁၂၀၀)စတုရန်းပေရှိ မြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောပျဉ်ထောင်၊ သွပ်မိုးထပ်ခိုးပါ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏အမှုသည်က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီးပိုင်ဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းရည်(ငါးသိုင်းချောင်း)
**M.A (Business Law).,B.A(Law),LL.B, D.I.L**
**D.B.L,D.M.L, B.D.S, E.D.S (MOFA), PGDCA(Computer)**
တရားလွှတ်တော်ရှေ့နေ(၂၀၉၄)
အမှတ်-၁၃၀၊ ၃၀(၅)လွှာ၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၁၆၅၁၆၀၊ ၀၉-၇၉၅၁၈၈၃၀၃၊ ၀၁-၂၅၀၂၁၇
**G-Mail-brightlystar 09 @ g-mail.com**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း အကြောင်းကြားစာ**
**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁၂၇**
**ကွယ်လွန်သူဦးချန်ဒရာဒေးပရာကပ်ရှ်၏ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း။**

ဒေါ်စန်းမြင့်(ခ)ကျပ်ဝတ္တီး
အမှတ်-၇၁၁/၇၁၉၊ အခန်း(၁၃)၊
(၃)ထပ်၊ ကုန်သည်လမ်း၊ (၃)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ လျှောက်ထားသူ

အထက်ဖော်ပြပါ လိပ်စာနေ ဒေါ်စန်းမြင့်(ခ)ကျပ်ဝတ္တီးက ကွယ်လွန်သူ ဦးချန်ဒရာဒေးပရာကပ်ရှ်၏ ဇနီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ကွယ်လွန်သူဦးချန်ဒရာဒေးပရာကပ်ရှ်မှာကျန်ရှိရစ်သောပစ္စည်းပိုင်နက်၊ ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးချန်ဒရာဒေးပရာကပ်ရှ်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၂၇ရက်(၁၃၇၇ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ရက်) နံနက် ၁၀နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်စန်းမြင့်(ခ)ကျပ်ဝတ္တီး၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့်၊ မရသင့်ကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ (မိမိဇော်)

**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**အများသိစေရန်ကြော်ငြာ**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ ရွှေပေါက်ကံ၊ မြေကွက်အမှတ်-၆၈/၉၉၊ ဧရိယာပေ(၄၀×၆၀) ပါမစ်မြေကွက်များကို ဒေါ်လှမြင့်(AE-211597)၊ [၁၂/ရကန(နိုင်)၀၅၄၃၁၀] ဒေါ်ရီ (ISN-434464)တို့က မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ပါမစ် အမှတ်-၀၆၂၇၅/(၂၀-၃-၂၀၀၀) နှင့် ၀၅၂၅၂/(၁၂-၆-၁၉၉၇)အရ ပိုင်ဆိုင်ခဲ့ပါသည်။

ဒေါ်ရီနှင့် ဒေါ်လှမြင့်တို့ထံမှ အရပ်စာချုပ်ဖြင့် အဆင့်ဆင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်ချိုမီမီဇော် [၁၂/ကမရ(နိုင်)၀၅၀၂၅၀]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများ အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ရီ (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၂၂)၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၃၀၃၇၄၊ ၀၁-၂၂၃၉၅၆**




# ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ကျန်းမာသုခ လူနေမှုဘဝ





ပေါက်ပေါက်ရေးသားသော ကျန်းမာသုခ လူနေမှုဘဝစာအုပ်ထွက်ရှိလာသည်။ ကျန်းမာသုခ လူနေမှုဘဝ စာအုပ်တွင် လူသားတို့၏ နေ့စဉ်ဘဝ နေထိုင်မှုပုံစံနှင့် ပတ်သက်၍ ကျန်းမာရေးနှင့် ညီညွတ်မျှတစွာ မည်သို့မည်ပုံနေထိုင်စားသောက်သင့်ပါကြောင်းကို စာရေးသူက (၂၄)နာရီ အချိန်အပိုင်းအခြားအလိုက် ဝေဝေဆာဆာ ရေးသားထားသည်။

ယနေ့ခေတ် လူသားများဟာ ကျန်းမာရေးနှင့်ပတ်သက်၍ ဗဟုသုတများလာပြီဖြစ်သော်လည်း သတိမမူဘဲ တချို့က စိတ်အလိုလိုက်ကာနေထိုင်စားသောက်မှုပုံစံများယွင်း၍ အချိန်မတိုင်ခင်ခန္ဓာစွန့်ကြရသည်။ ရခဲလှသည့် လူ့ဘဝမှာ သက်တမ်းစေ့နေနိုင်ဖို့အတွက် ကျန်းမာရေးသုခ လူနေမှုဘဝ စာအုပ်က အများဆုံး အထောက်အကူပြုပေးပါလိမ့်မည်။ ရေခဲသေတ္တာထဲ သိမ်းမထားသင့်တဲ့အစားအစာ(၇)မျိုး၊ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်များ ဆေးကြောသန့်စင်နည်းလမ်းညွှန်၊ ကျန်းမာအောင်အသက်ရှူနည်း၊ ရေလုံးဝမသောက်သင့်တဲ့အချိန် အစရှိသော သိမှတ်ဖွယ်ရာဆောင်းပါးများ ပါဝင်သည်။

ဤစာအုပ်ကို မဇ္ဈိမစာပေ အမှတ်(၂၃၇)၊ ပထမထပ်(ဝဲ)၊ ၃၉-လမ်း အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၉၂၈၃၅၊ တန်ဖိုးကျပ် ၁၂၀၀ဖြင့် ဖြန့်ချိထားသည်။

## ပတ်ဝန်းကျင်ကပေးသော အသိတရားများ





ဆရာပန်းဒကာ ကိုတင်မြင့်က ခက်ခဲနက်နဲသည့် ပါဠိတော်အဋ္ဌကထာဋီကာကြီးများကို မျိုးဆက်သစ်လူငယ်များ ဖတ်ချင်သဖွယ်ဖြစ်အောင် ပြုပြင်ပြောင်းလဲရေးသားထားသည်။ "ဓမ္မဗိမာန် စာပေဆုနဲ့ ဓမ္မဒူတစာပေဆု" ရရှိခဲ့ပါသည်။

ထိုစာအုပ်နှင့်ပတ်သက်၍ ဆရာရေးသားပြီး စာအုပ် ၃၉ အုပ်ရှိပြီဖြစ်သော်လည်း တစ်မျိုးနှင့်တစ်မျိုးဆန်းသစ်လှသည့်အပြင် ယခုစာအုပ်မှာလည်း အတွေးထက်ထက်နှင့် အရေးသွက်သွက်ရေးထားသည်။ တိရစ္ဆာန်အသေးစားလေးများမှာ မျိုးချစ်စိတ်ရှိကြသော်လည်း အသိဉာဏ်ပိုင်ရှင်အဖြစ်သာမက ကျိုးစားလျှင် ဘုရားတောင်ဖြစ်နိုင်ခြေရှိသည့် လူသားကြီးများမှာ မျိုးချစ်စိတ်အဘယ်ကြောင့် မထားနိုင်သနည်းစသည့် တွေးလုံးလေးများနှင့်အတူ စာအုပ်တွင်စုံလင် အောင် ဖော်ပြထားသည်။

ထိုစာအုပ်ကို ရန်ကုန် ယဉ်မျိုးစာပေ၊ အမှတ် ၂၇၄-B၊ လမ်း(၄၀) ဖုန်း-၀၉-၇၃၂၀၁၅၈၆၊ ပင်ရင်း ပန်းဒကာစာပေ ဖုန်း-၀၉၂၄၀၁၉၈၁ ကတန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

---

## အိမ်ဒီဇိုင်းများဖန်တီးမှုဗိသုကာပညာ




မင်းထက်အောင်ရေးသားသည့် အိမ်ပုံစံဒီဇိုင်းများရေးဆွဲခြင်းနှင့် ပတ်သက်သော Google Skatch Up ဟူသည့် ကွန်ပျူတာနည်းပညာစာအုပ်ကောင်းတစ်အုပ် ထွက်ရှိလာသည်။


ထိုစာအုပ်သည် G.T.C, YTU ကျောင်းသင်ခန်းစာများကို အခြေခံပြီး ရေးသားထားခြင်းဖြစ်၍ ကျောင်းသား ကျောင်းသူများအတွက်လည်း အသုံးဝင်သည်ကို တွေ့ရှိရသည်။ Auto Cad ကဲ့သို့ မခက်ခဲဘဲ မိမိကိုယ်တိုင် စာအုပ်ကိုဖတ်ပြီး လေ့လာရေးဆွဲနိုင်ရန်လည်း ရှင်းလင်းပြသထားသည်။

ဆောက်လုပ်ရေးလုပ်ငန်းများ တွင်ကျယ်ခေတ်စားလာသော ယနေ့ခေတ်ကာလတွင် အဆောက်အအုံဒီဇိုင်းများကို နိုင်ငံတကာအဆင့်မီအောင် ကြိုးစားရေးဆွဲရာ၌ အသုံးဝင်သည်။ ထိုစာအုပ်ကို လေ့လာခြင်းအားဖြင့် အင်ဂျင်နီယာလိုအပ်ချက်နှင့် ကိုက်ညီအောင် အဆောက်အအုံပုံစံများ ရေးဆွဲပေးနိုင်မည်ဖြစ်သည်။

အဆိုပါ စာအုပ်ကို အမှတ်(၂၃၅) ၃၇ လမ်း(အထက်)၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ မနောဖြူစာပေမှ ထုတ်ဝေပြီး တန်ဖိုး ကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိထားသည်။

---

## ချောကလက်အင်္ကျီဝတ်ထားသူ




ကဗျာဆရာစာရေးဆရာ မင်းဆက်ပိုင်ရေးသားသည့် ချောကလက်အင်္ကျီဝတ်ထားသူကဗျာစာအုပ် ထွက်ရှိလာသည်။

စာရေးဆရာ နန္ဒမိုးကြယ်၏အမှာစာနှင့်အတူ၊ ကဗျာစုစုပေါင်း ၇၀ ပုဒ်ကို စာအုပ်အဖြစ်ရိုက်နှိပ်၍ CLASSIC ICON စာပေမှထုတ်ဝေထားသည်။

ကဗျာဆရာက ကနောင်စာအုပ်အမည်ပေးထားပုံမှာ ကဗျာဆန်သည်။ အနုအလှဖြင့် မြူးကြွစေရန် အဆန်းတကျယ်အမည်ရွေးချယ်ပုံဖော်ထားသည်။

"ချောကလက်အင်္ကျီဝတ်ထားသူ" ဟုအမည်ပေးထားသည်။ ရသစာပေရှားပါးချိန်တွင် ယခုကဲ့သို့ စာအုပ်ထုတ်နိုင်ခြင်းမှာ ထူးခြားသည်ဟုဆိုနိုင်သည်။ လူသားများအတွက် ရည်ညွှန်း၍ တိုက်ရိုက်ထိစေမည့် စာအုပ်တစ်အုပ်ဟု ဆိုချင်ပါသည်။ ကဗျာတွင် စကားလုံး အသစ်၊ ခံစားမှုအသစ်၊ ပုံသဏ္ဌာန်အသစ်၊ အကြောင်းအရာအသစ်များကို ခံစားတင်ပြထားသည်။ ကဗျာကို ကဗျာနှင့်တူအောင် ဖွဲ့နွဲ့ထားသည်။ ကဗျာဆရာ၏ ရင်ထဲမှထိရှသောအတွေးအမြင်များကို ထုတ်နုတ်ထားသည်။ တွေးတောဆင်ခြင်စရာ တိုက်ရိုက်အနက်များ၊ သွယ်ဝိုက်သောဂယက်များဖြင့်ရည်ရွယ်ချက်မြောက်အောင် စပ်ဆိုထားသည်။

ထိုစာအုပ်ကို စာအုပ်ကို အမှတ်-၁၇ A+B မြရတနာလမ်း၊ မြကန်သာအိမ်ရာ၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်က တန်ဖိုးကျပ် ၁၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## ဆီးချိုရောဂါနှင့် စွယ်စုံကုထုံးများမှတ်တမ်း





ရှင်ဓမ္မာဆရာဘိဝံသ(အင်းလေး)ရေးသားတင်ပြသည့် ဆေးပညာစာအုပ်ဖြစ်သည်။ သမားတော်ကြီး ဦးဉာဏ်လွင်၊ ဒေါက်တာအောင်နိုင် (ဆေးသုတေသန)၊ ဒေါက်တာဦးစိန်ရီတို့က အမှာစာများရေးပေးထားသည့် ရှင်ဓမ္မာစာရာဘိဝံသ(အင်းလေး)၏ ဆီးချိုရောဂါနှင့် ကုထုံးများမှတ်တမ်းစာအုပ်ကို ရန်အောင်စာပေမှ ထုတ်ဝေဖြန့်ချိထားသည်။

ထိုစာအုပ်တွင် ဆီးချိုရောဂါဖြစ်ရခြင်းအကြောင်းများ၊ သိပ္ပံအမြင် ဆီးချိုရောဂါ၊ ဆီးချိုရောဂါနှင့် တိုင်းရင်းသားဆေးပညာ၊ ဆီးချိုရောဂါရှင်များ ရှောင်ရန်အစာ၊ ကျောက်ကပ်နှင့် ယင်းလုပ်ငန်းများ ဆီးလမ်းကြောင်း ကျောက်တည်ပြီဆိုလျှင်၊ နာတာရှည်ကျောက်ကပ်ရောင်ရောဂါ လက်တွေ့ကုထုံး၊ မြန်မာ့အာယုဗ္ဗေဒတို့ဖြင့်၊ ကမ္ဘာကကြောက်နေရသည့် ဆီးချိုရောဂါအတွက် သိပ္ပံဗိန္ဒောအမြင်နှစ်ရပ်ဖြင့် ရှင်းလင်းစွာ မြင်နိုင်ကြစေရန် စသည့်အကြောင်းအရာများကို ရေးသားထားသည်။ ဆီးချိုရောဂါရှိသူတိုင်း ဆီးချိုရောဂါကာကွယ်လိုသူတိုင်း ကျန်းမာရေးလိုက်စားသူတိုင်းဖတ်ရှုသင့်သော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို စာပေခရီးသွားများစာအုပ်တိုက် အမှတ် ၀၀၁၊ တိုက်(စီ)၊ ကန်ရိပ်မွန်ကွန်ဒိုဝင်း၊ (၁၀)ရပ်ကွက်၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း ၀၉၅၄၀၃၃၆၉ က တန်ဖိုး ကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိထားသည်။

## နိုင်ငံရေးအဆိုအမိန့်များ





ဦးသိန်းအောင်(နိုင်ငံခြားငွေ)ရေးသားတင်ပြထားသည့် "စစ်ရေး၊ နိုင်ငံရေးခေါင်းဆောင်ကြီးများ၏ နိုင်ငံရေးအဆိုအမိန့်များ" စာအုပ်ထွက်ရှိလာသည်။ စာအုပ်တွင် သမိုင်း၌ထင်ရှားသည့် စစ်ဗိုလ်ချုပ်ကြီးများ၊ နိုင်ငံရေးသမားများ၊ သမိုင်းဆရာများ၊ စာရေးဆရာများ၏ အတ္ထုပ္ပတ္တိအကျဉ်းနှင့်အဆိုအမိန့်များကို လေ့လာမှတ်သားနိုင်ရန်ဖော်ပြထားသည်။

အဆိုပါပုဂ္ဂိုလ်ကြီး တစ်ရာကျော်၏ မှတ်သားဖွယ်အဆိုအမိန့်များမှာ မိမိတို့အနာဂတ်အတွက် လက်တွေ့အသုံးချနိုင်လောက်အောင် အသုံးဝင်မည်။ အဆိုပါပုဂ္ဂိုလ်များထဲတွင် လူသိများသောအတွေးအခေါ်ပညာရှင် အရစ်စတိုတယ်၊ ကွန်ဖြူးရှပ်၊ သတင်းစာဆရာ အမ်းဘရို့စ်ဘိရပ်စ်၊ ဂျာမန်အတွေးအခေါ်ပညာရှင် ဖရက်ဒရစ်အိန်ဂျယ်လ်စ် စသည့်ပညာရှင်များနှင့် ဥရောပတိုက်မှထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်များ၊ ဘုန်းတော်ကြီးများ၊ စစ်ရေးခေါင်းဆောင်များ၊ နိုင်ငံအကြီးအကဲများပါဝင်သည်။ ထို့အပြင် အမေရိကန်နိုင်ငံ၏ခေါင်းဆောင်ကြီးများဖြစ်သည့် ထင်ရှားသည့်သမ္မတများလည်းပါဝင်သည်။ ထို့အပြင်ကိုလိုနီနယ်ချဲ့နှင့် စစ်အာဏာရှင်များအနက် ပထမကမ္ဘာစစ်၊ ဒုတိယကမ္ဘာစစ်မှ ခေါင်းဆောင်များ အကြောင်းကိုပါ စုံလင်အောင်ဖော်ပြထားသည်။ အများစုမှာ နိုင်ငံရေးနှင့်စစ်ရေးခေါင်းဆောင်ကြီးများပါဝင်ပြီး ကမ္ဘာပေါ်ရှိ ခေါင်းဆောင်များစုံလင်လှသည်ဟုဆိုနိုင်သည်။

စာအုပ်ကို သံလွင်ခက်စာပေ၊ အမှတ်(၆)၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉၇၉၈၄၀၄၈၆၀ က တန်ဖိုး ကျပ် ၂၅၀၀ ဖြင့် ဖြန့်ချိထားသည်။

## အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

**တက္ကသိုလ်ဘုန်းနိုင်**

*ရသစာပေသည် စာဖတ်ပရိသတ်များအား ညှို့ယူဖမ်းစားနိုင်၏။ ထိုစာပေကို ရသမြောက်အောင် ရေးဖွဲ့နိုင်ရန်မှာ စာရေးသူ၏ စာဖတ်ပရိသတ်အပေါ်ထားရှိသော စေတနာမှာ အရေးပါ၏။ ဆရာတက္ကသိုလ်ဘုန်းနိုင် မှာ စာဖတ်သူများအပေါ် အကျိုးအမြတ်မပါ။ ဆန္ဒစွဲမရှိ၊ ရိုးသားစွာဖြင့်ဘဝနှင့် ခံစားမှုတစ်ထပ်တည်းကျအောင် ရေးသားနိုင်သော စေတနာရှိ၏။ ထို့ကြောင့် ဆရာ၏ ရသစာပေများမှာ စာဖတ်ပရိသတ်များကြားဝယ် ယနေ့ထက်တိုင် တောက်ပနေဆဲဖြစ်၏။ ဆရာ၏ စာပေတွင် လူတို့၏ စရိုက်၊ လူတို့၏ ဘဝအမှန်တို့ကို သူတို့ဖြတ်သန်းရာခေတ်ကာလ အခြေအနေများနှင့် ထင်ဟပ်ဖော်ပြရာတွင် အရောင်အသွေးမရှိဘဲ ပကတိ အခြေအနေပေါ်လွင်အောင်ရေးဖွဲ့ထား၏။ ထို့ကြောင့်ခံစားမှုများနှင့်အတူ ဘဝအတွေးအခေါ်များလည်းရ၏။ အသိအမြင်များလည်း တိုး၏။ ခေတ်သမိုင်းကိုလည်း ထင်ဟပ်ရှုမြင်နိုင်၏။ ဤသည်ကား စာရေးသူ၏ စေတနာ အရင်းခံဖြစ်၏။ ယခု 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' တွင်လည်း စာဖတ်ပရိသတ်များ ဤသို့ ရှုမြင်ခံစားနိုင်မည်ဟု ယုံကြည်ပါသည်။ (စာတည်း)*

**ယမန်နေ့မှအဆက်**

"မောင်က ဘာလို့ မသွားရဲရမှာလဲ"

"အင်းလေ. . . မောင် သွားရဲမှန်း မမနွယ် သိပါတယ်၊ မမနွယ်ကတော့ မလိုက်ရဲဘူး၊ လိုက်ရဲရင့်တော့ အဲဒီတောကြီး တောင်ကြီးထဲမှာ မောင်နဲ့မမနွယ် နှစ်ယောက်တည်း ရှိကြမှာပဲ၊ ကမ္ဘာဦးတုန်းက အာဒံနဲ့ဧဝ မောင်နှမလိုနေကြမှာပဲ"

"ဘယ်သူတွေလဲ. . အာဒံနဲ့ ဧဝ ဆိုတာက"

"အာဒံနဲ့ ဧဝကို မောင် မသိဘူးလား၊ သူတို့က ထာဝရဘုရားသခင်က ဖန်ဆင်းလိုက်တဲ့ မောင်နှမနှစ် ယောက် . . တဲ့၊သူတို့ကနေ လူတွေအားလုံး ဖြစ်လာကြရသတဲ့"

"သူတို့ကနေ. . လူတွေအားလုံး ဖြစ်လာကြရတယ်၊ မမနွယ်ကို ဘယ်သူပြောသလဲ"

"မမနွယ်တို့ မန္တလေးက စိန့်ဂျိုးဇက်ကျောင်းက မာသာကြီးတွေနဲ့ ဆစ်စတာတွေက ပြောပြတာပဲ"

"မာသာကြီးတွေနဲ့ ဆစ်စတာကြီးတွေက ဘယ်သူတွေလဲ"

"မောင် . . မာသာနဲ့ ဆစ်စတာဆိုတာကို မသိဘူးလား"

"အံမာ . . မောင်လည်း ဘေးမဲ့ဘီအိုစီကျောင်းမှာ အင်္ဂလိပ်စာသင်ရပါတယ်၊ မာသာဆိုတာ အမေ၊ ဆစ်စတာဆိုတာ အစ်မ၊ ကဲလေ. ."

"မဟုတ်ဘူး၊ မာသာတို့ ဆစ်စတာတို့ ဆိုတာက မယ်သီလရှင်တွေ၊ အင်္ဂလိပ်မယ်သီလရှင်တွေ. ."

ဤတစ်ကြိမ်တွင်မူ သက်ခိုင်နားရှုပ်သွား၏။ သို့ရာတွင် သူပြောချင်သည်ကို ဆက်ပြော၏။

"အေးလေ. . . ဟုတ်ကဲ့လေ. . ထားပါတော့၊ သူတို့ မျက်နှာဖြူတွေက အာဒံနဲ့ဧဝက လူဖြစ်လာတာဖြစ်ချင် ဖြစ်မှာပေါ့၊ မောင်တော့ မသိဘူး၊ မောင်တို့ဗမာတွေက တော့ ပြဟ္မာက ဆင်းသက်လာတာ၊ အာဒံနဲ့ဧဝက မဟုတ်ဘူး"

"ပြဟ္မာဆိုတာ. . ဘာလဲ"

"ခက်လိုက်တာ၊ နင် အဲ. . . မမနွယ်. . . ရွှေမန်းတင်မောင်ဇာတ်မကြည့်ဖူးဘူးလား၊ ပြဟ္မာဆိုတာ အဝတ်ဖြူနဲ့ရွှေတွေနဲ့ ရောဝတ်ထားတာ၊ သိပ်တန်ခိုးကြီးတယ်၊ မြတ်စွာဘုရားသခင်က မြတ်စွာဘုရားသခင် ဖြစ်လာတော့ . . သိပ်စိတ်ပျက်သွားသတဲ့၊ ဒီကောင်တွေ ဒီလူတွေဟာ သိပ်မိုက်တယ်၊ ငါ တရားဟောရင်လည်း နားလည်မယ့် ကောင်တွေ တစ်ကောင်မှ မရှိပါဘူး၊ ဒီတော့ ငါတရား မဟောတော့ပါဘူး သိပ်ကို စိတ်ပျက်သွားသတဲ့"

"အဲဒီတော့. . ."

"အဲဒီတော့. . . ရွှေမန်းတင်မောင်က ဆိုပြတာပဲ၊ သတ္တဝါတွေအပေါ်၌ ငဲ့ညှာသနား၊ ချွတ်လို့ ရနိုင်ပါ့မလား ရယ်လို့ ရွှေအားတော်. . . ငယ်တဲ့. . ."

"ဘယ်သူက ရွှေအားငယ်တာလဲ၊ ရွှေမန်းတင်မောင်ကလား"

"ဟာ. . . တောက်တီးတောက်တဲ့ မမနွယ်က လည်း. . . ရွှေမန်းတင်မောင်က သီချင်းဆိုပြတာ၊ ဖေဖေက ပြောတော့မကြည်အောင်ကလည်းဆိုတာပဲ. . . တဲ့၊ ရွှေအားငယ်တယ်ဆိုတာ မြတ်စွာဘုရားကိုပြောတာ၊ အားငယ်တာ မဟုတ်ဘူး၊ စိတ်ပျက်တာ၊ စိတ်ပျက်တာ. . ."

"အင်း. . . အဲ. . . ဒီတော့"

"အဲ. . . ဒီတော့ ရွှေမန်းတင်မောင် သီချင်းတော့ မောင်မေ့သွားပြီ၊ ပြဟ္မာကြီး. . . ဘယ်သူတဲ့. . . အဲ. . . သဟမ္ပတိ ပြဟ္မာကြီးက တရားဟောပါလို့ မြတ်စွာဘုရားကို လာတောင်းပန်လာတဲ့၊ ဒီတော့မှ ဘုရားက တရားဟောသတဲ့၊ ရွှေမန်းတင်မောင်က ဆိုပြတယ်၊ ရွှေဉာဏ်တော်ကွန်ရက်က ဦးစွာထွက်လာ၊ ဓမ္မစကြာတရားတော်. . . တဲ့"

"အင်းလေ. . . ပြီးတော့ကော"

"ပြီးတော့. . . အဲ. . . ထားပါတော့၊ ပြဟ္မာဆိုတာကို မောင်ကပြောပြနေတာ၊ သူတို့က လူမဟုတ်ဘူး၊ သိပ်တန်ခိုးကြီးတာ၊ ပြဟ္မာကနေ လူဖြစ်လာတာ၊ လူတွေကနေ သာကီဝင်ဖြစ်လာတာ၊ သာကီဝင်ကနေ ဗမာဖြစ်လာတာ"

"မောင့် ဘယ်သူပြောလဲ"

"ဩော်. . . ပြောတဲ့လူက ရှိတာပေါ့၊ တကယ့်ကို အဟုတ်ပြောတာ၊ ဖေဖေကလည်းပြောတာပဲ၊ သခင်တွေ သခင်မတွေကလည်း ပြောတာပဲ၊ မမနွယ် မယုံဘူးလား၊ တို့ဗမာသီချင်းထဲတောင်ပါသေးတယ်၊ တကောင်း အဘိရာဇာ. . . သာကီမျိုးပေ့ တို့ဗမာ. . . မမနွယ် မန္တလေးပြန်ရောက်ရင် မာသာကြီးတွေ. . . ဆစ်စတာကြီးတွေကို ပြန်ပြောလိုက်၊ သူတို့ သိပ်အံ့ဩသွားမှာ"

မလေးနွယ်သည် မကြားဖူးသောပုံပြင် ဖြစ်သောကြောင့် ခေါင်းကလေးတညိတ်ညိတ်နှင့် နားထောင် နေရရှာ၏။

သက်ခိုင်သည် ဆက်လက်၍ သူသိသမျှသော တကောင်းအဘိရာဇာမှ စသည့် သာကီမျိုးတို့ ဗမာတရားကို ဟောရန် ပြင်ဆင်သည်။

သို့ရာတွင် သူ့တရားကို ကိုချစ်တိုး၏ အော်ခေါ်သံက ဖျက်ဆီးပစ်လိုက်။

"နွယ်ရေ. . . ပြန်ကြရအောင်၊ နေဝင်ခါနီးပြီ"

မလေးနွယ်သည် ကပျာကယာ ထ၍ ဖိနပ်ဝတ်ရန် ပြင်သည်။

"နေဦး မမနွယ်. . . ဒီအတိုင်း ဝတ်ရင် ခြေအိတ်တွေ ပါ ရေစိုပြီး အပူငှပ်သွားဦးမယ်"

"ဒါဖြင့် ဘယ်လိုလုပ် ဝတ်ရမလဲ"

သက်ခိုင်သည် ဘာမပြော ညာမပြောနှင့် မလေးနွယ်၏ ခြေထောက်ကလေးများကို ဆွဲယူပြီး စိုနေသော ရေများကို သူ့ပုဆိုးနှင့် သုတ်ပေး၏။

**အခန်း-၁၂**

**သူပုန်သွေး**

ကိုချစ်တိုး၏ ရွှေမင်းသမီးလေး မလေးနွယ်တို့၏ အိမ်မှာ ရွှေဘုံသာရပ်တွင်ရှိသည်။ အမှန်မှာ အိမ်ပင်မဟုတ်။ ခေတ်မီစွာ ဆောက်ထားသော တိုက်ကြီး တစ်လုံးဖြစ်လေသည်။ ခြံဝင်းကြီးကလည်း ကျယ်သည်။ ခြံဝင်းအတွင်း တမာပင်၊ မန်ကျည်းပင်နှင့် ကုလားမန်ကျည်းပင်များကို စနစ်တကျစိုက်ပျိုးထားသောကြောင့်လည်း အရိပ်အာဝါသကောင်းသည်။

မနက်ဖြန်ဆိုလျှင် အလှူနေ့ ဖြစ်သောကြောင့် ထိုညက တိုက်ကြီး တစ်ခုလုံးမှာ မီးတထိန်ထိန်နှင့် လှုပ်ရှားစည်ကားနေ၏။ ရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟတို့သာမက ရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများပါ ရောက်နေကြသည်။

ဤတိုက်ကြီးရှင်တို့၏ သားငယ်၊ မလေးနွယ်၏ဦးလေး ဦးတင်သော်ကား ရန်ကုန်မြို့ အတွင်းဝန်များရုံးမှ လက်ထောက်အတွင်းဝန်ကလေးဖြစ်သည်။ သူနှင့် သူ၏ ဘိုဆန်လှသော ဇနီးတို့က မနေ့ကတည်းက ကြိုတင် ရောက်နှင့်နေကြ၏။ မလေးနွယ်နှင့် မလေးနွယ်၏ မိခင်တို့ကလည်း ကြိုတင်ရောက်ခဲ့ကြပြီး ဖြစ်လင့်ကစား မလေးနွယ်၏ဖခင် မကွေးမြို့မှ အထူးအာဏာရ တရားသူကြီးမင်း ဦးထင်ကျော်ကား ယခု ညနေမှ ကပ်ဆိုက်ရောက်လာသည်။ ဧည့်စုံသောကြောင့် ကိုချစ်တိုး အလုပ်များရ၏။ ချက်ရေးပြုပ်ရေး ကိစ္စတို့၌ ဝိုင်းလုပ်သူတွေပေါလှသဖြင့် ကိုချစ်တိုးနှင့် မဆိုင်လှ။ ကိုချစ်တိုး အလုပ်များရပုံက တစ်မျိုးဖြစ်၏။

ညနေက မလေးနွယ် ကောင်းမှုကြောင့် ကိုချစ်တိုး အိမ်သို့ အနည်းငယ်နောက်ကျမှ ရောက်လေသည်။ အိမ်ကိုလည်း အုပ်ချုပ်ကာ ဘိုးဘွားပိုင် ရိုးရာလက်တူးရေနံတွင်းလုပ်ငန်းများကိုပါ ဦးစီးသူ မလေးနွယ်၏ ထွေးကြီး အပျိုကြီးမမ၏ အကြိမ်းကို ကိုချစ်တိုး ကောင်းကောင်းခံလိုက်ရသည်။ အကြိမ်းခံရပြီးနောက် ကိုချစ်တိုးသည် အိမ်မှ စားပွဲထိုး၊ ကိုသာရင်နှင့်အတူ စအလုပ်များကြရတော့၏။

အတွင်းဝန်ကလေးနှင့် တရားသူကြီးတို့ ရောက်လာကြသောကြောင့် မြို့ပေါ်ရှိ အရာရှိကြီးငယ်တို့လည်း ရောက်လာကြကုန်၏။ သူတို့ဝိုင်းအတွက် ကိုချစ်တိုးနှင့် ကိုသာရင်တို့က ဝီစကီ၊ ဆိုဒါ၊ ရေခဲတို့ကို လုံလောက်အောင်ဝယ်ပေးရသည်။ လိုလေသေးမရှိအောင် ပြင်ဆင်ပေးရသည်။

မနက်ဖြန်တွင် သံသရာအကျိုးကို မျှော်ကိုးကာ ထောင်ချီ၍ လှူဒါန်းမည့် ကုသိုလ်ရှင်များ၏ အိမ်၌အလှူ ညဦးတွင် အရက်ဝိုင်းစည်နေသည်မှာသင့်တော့ မသင့်တော်လွန်းလှဟု ကိုချစ်တိုး ထင်မိသည်။ သို့ရာတွင် မိမိမှာ ထင်မိရုံသာ ထင်မိနိုင်၍ဝေဖန်ပြောဆိုခွင့်ရှိသူ တစ်ယောက်ကား မဟုတ်။ ထို့ကြောင့် သူ့တာဝန်ကိုသာ သူကျေပွန်အောင် ဆောင်ရွက်ပေးသည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**
**၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၉**

ဦးအောင်ကြည် နှင့် ၁။ ဦးကျော်မြင့်
အမှတ်(၈၃)၊ ပထမလမ်း ၂။ ဒေါ်သူဇာ
၂-ရပ်ကွက်၊ ဖျာပုံမြို့နယ်၊
ဧရာဝတီတိုင်းဒေသကြီး Great Father Land Construction & Decoration Co.,Ltd

(တရားလို) (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ဗိုလ်မြတ်ထွန်းလမ်း၊ အမှတ်-၂၂၁နေ ၊ဒေါ်သူဇာ(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလို ဦးအောင်ကြည်က ၂၇-၂-၂၀၁၃ရက်နှင့် ၆-၃-၂၀၁၃ ရက်စွဲပါစာချုပ်များဖြင့် တရားလိုပေးအပ်ခဲ့သော တိုက်ခန်းဖိုးစရန်ငွေ ကျပ်သိန်း ၅၀၀၏ နှစ်ဆဖြစ်သော ငွေကျပ်သိန်း ၁၀၀၀ ပြန်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်၊ (၁၃၇၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးကိုကို)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး



**TRADEMARKS CAUTION**

Kusum Healthcare Pvt. Ltd. (Branch Office),situated at No. 3/01A, Landmark Tower, Shwegon Plaza Compound, Shwegondine Street, Bahan Township, Yangon Region and its Head Office is in New Dehli, India, incorporated under Company Registration No. 55-85780, is the owner and sole proprietor of the following trademarks:-

| | | |
|---|---|---|
| Bactopic 4/9318/2015 | Panash 4/9319/2015 | Mistol 4/9320/2015 |
| Befinor 4/9321/2015 | BLEMISH 4/9322/2015 | Parasum 4/9323/2015 |
| Diclosafe 4/9324/2015 | Quanil 4/9325/2015 | Misal 4/9326/2015 |
| Gynex 4/9327/2015 | ZONIK 4/9328/2015 | Candigo 4/9329/2015 |
| Methydon 4/9330/2015 | Banbakt 4/9331/2015 | |

Used in respect of "Medical Goods and Medical Products" by Kusum Healthcare Pvt. Ltd. in International Class 3 and 5.

Fraudulent imitation or unauthorized use or any other infringement whatsoever of these trademarks will be dealt with according to law.

**U Aung Than B.Com., R.L., D.E.P. Advocate**
for Kusum Healthcare Pvt. Ltd. (Branch Office)
No. 50, Bank St., A-7, 1st Floor, Kyauktada Tsp, Yangon



Call Taxi

**T**axi **C**all **C**enter

**Taxi ခရီးသည်များအတွက် အထူးသတင်းကောင်း**

TCCသို့ ခရီးသည်မှ ဖုန်းဆက်ရုံဖြင့် မိနစ်(၂၀)အတွင်း လက်ရှိ Taxi ပေါက် ဈေးနှုန်းဖြင့် အိမ်ရှေ့/သို့မဟုတ် အိမ်နီးဝန်းကျင်အရောက် ကြို/ ပို့ ပေးမည်ဖြစ်သည်။

ယာဉ်မောင်း/ ယာဉ်နံပါတ် နှင့် ဈေးနှုန်းကြိုတင်သိရှိရသဖြင့် ခရီးသည်က ဈေးနှုန်းတန်သည်ဟု ဆုံးဖြတ်မှသာ TCC မှ ဝန်ဆောင်မှု ပေးခြင်းဖြစ်သည်။

လမ်းကြုံလူမတင်ခြင်းဖြင့် ခရီးသည်၏ အန္တရာယ်ကို ၉၀ ရာခိုင်နှုန်းကာကွယ်ပေးထားသည့်အပြင် မေ့ကျန်ပစ္စည်းများ မရှိရအောင်လည်း စီမံထားပါသည်။

၎င်းဝန်ဆောင်မှုကို ရယူလိုသော လူကြီးမင်းများအတွက် ခရီးသွားမှတ်တမ်း အာမခံစာအုပ်ကို အိမ်အရောက် သတ်မှတ်ဈေးနှုန်းအတိုင်း မှန်ကန်စွာဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

Promotion ကာလမှာ ( ၁.၈.၂၀၁၅ မှ ၇.၉.၂၀၁၅) ရက်အတွင်း ကျပ် ၃၀၀၀ိ/-ဖြင့် အခေါက် (၁၅၀) စီးနင်းခွင့်ရှိမည်။ ကျန်လများတွင် အခေါက် ( )စီးနင်းခွင့်ရှိမည်။(မှတ်ချက် - ဤစာအုပ်အား ဈေးနှုန်း ၃,၀၀၀ိ/- သတ်မှတ်ထားပါသည်။ ၃၀၀၀ိ/-အထက် သို့မဟုတ် ၃,၀၀၀ိ/- အောက် ရောင်းသူများတွေ့ရှိပါက TCC ရုံးချုပ်သို့ ဆက်သွယ် အကြောင်းကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း 09 789 502 137, 09 970086528, 09 972 160 832, 09 262000446

လမ်းညွှန် > သယ်န်းကျွန်းမြို့နယ်ရှိ သံသုမာလမ်းမကြီး၏ ပေါ်ဆန်းမွှေးမှတ်တိုင်အနီးရှိ စိန်ပန်းမြိုင်လမ်း ၎င်းလမ်းဆုံးပါက ဘယ်ဘက် ဗေဒ္ယာသုခ(၃)လမ်းအတွင်းရှိ အောင်သိဒ္ဓိဘုန်းကြီးကျောင်းရှေ့ TCC

မှတ်ချက် - ပိတ်ရက်မရှိ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။



**"ကိုဇော်သူ(ခ)ကိုဘိုဘို[၁၂/ဗတထ(နိုင်)၀၃၇၀၅၀]**
**(အဖ) ဦးမျိုးဇော်နှင့် အများသိစေရန် ကြေညာချက်"**

Boss ပါကေးပြား အရောင်းပြခန်းပိုင်ရှင် ဦးဗိုလ်ဗိုလ်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကိုဇော်သူ(ခ)ကိုဘိုဘိုမှာ ကျွန်ုပ်မိတ်ဆွေ ဦးဗိုလ်ဗိုလ်မောင်၏ အမှတ်-၂၈၁(ဘီ)၊ ရွှေဂုံတိုင်လမ်းမကြီး၊ ရွှေဂုံတိုင်ဟိုတယ်ဘေးတွင် ဖွင့်လှစ်ထားရှိသည့် Boss ပါကေးပြား အရောင်းပြခန်းမှ ငွေကျပ်-၈၂၇၀၀၀ိ/-တန်ဖိုးရှိ Boss ပါကေးပြားများကို ရောင်းချပေးမည်ဟု ယုံကြည်အောင် ပြောဆိုရယူသွားပြီး ယင်းပါကေးပြားများကိုလည်းကောင်း ၊ ပါကေးပြားများ၏ တန်ဖိုးငွေကျပ်-၈၂၇၀၀၀ိ/-ကိုလည်းကောင်း၊ ကိုယ်ကျိုးအလွဲသုံးစားပြုလုပ်၍ တိမ်းရှောင်နေသောကြောင့် ဤကြေညာချက်ပါသည့်နေ့မှ (၃)ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ Boss ပါကေးပြား အရောင်းပြခန်းပိုင်ရှင် ဦးဗိုလ်ဗိုလ်မောင်ထံ လာရောက်ဖြေရှင်းရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဗိုလ်ဗိုလ်မောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နုနုရီ(စဉ်-၇၃၈၈)၊ ဦးသိန်းမြင့်(စဉ်-၆၉၃၀)၊ ဦးနိုင်လင်းထွန်း(စဉ်-၂၇၆၁၅)**
**(တရားလွှတ်တော်ရှေ့နေများ) (အထက်တန်းရှေ့နေ)**



**သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

မန္တလေးမြို့၊ချမ်းအေးသာစံမြို့နယ်၊ မလွန်နီပါးတန်းရပ်၊ အကွက်(၅၆၂)၊ အိမ်အမှတ်(၂၆၂/၁၂)နေ ဦးစိန်ကြည်[၅/မမတ(နိုင်)၀၄၄၁၃၇]နှင့် ဒေါ်သီတာအေး[၅/မမတ(နိုင်)၀၀၄ ၀၀၄]တို့၏ သမီး မနှင်းအိဖြူ[၉/ခအဇ(နိုင်)၀၄၃၇၈၂]သည် မိဘတို့၏ ဆိုဆုံးမမှုကို မနာခံဘဲ အိမ်မှထွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပါကြောင်း။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာ အပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)
ဦးစိန်ကြည်-ဒေါ်သီတာအေး


သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ပြည်တွင်းရေးရာ

### ဖလမ်း၌လျှပ်စစ်မီးပြန်လည်ရရှိရေး စုပေါင်းလုပ်အားပေး

**ဖလမ်း ဩဂုတ် ၁၀**

ချင်းပြည်နယ် ဖလမ်းမြို့ပေါ်နှင့် ကျေးရွာများသို့ လျှပ်စစ်ဓာတ်အားပုံမှန်ဖြန့်ဖြူးပေးသည့် ဧစ်ဗားရ် အသေးစားရေအားလျှပ်စစ်စက်ရုံသည် မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေစာများ၊ ကျောက်တုံးများနှင့် သဲများ ပိတ်ဆို့ခဲ့ရာမှ ဩဂုတ် ၆ ရက်က ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူအင်အား ၁၅၀ ခန့်တို့က ဖယ်ရှားရှင်းထုတ် စုပေါင်းလုပ်အားပေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါရေအားလျှပ်စစ်စက်ရုံမှ ဖလမ်းမြို့ပေါ်နှင့် ကျေးရွာ ၁၁ ရွာတို့အား လျှပ်စစ်ဓာတ်အားပုံမှန် ဖြန့်ဝေပေးခဲ့သည်။ မိုးအဆက်မပြတ်သည်းထန်စွာရွာသွန်းခဲ့မှုကြောင့် မြေစာများနှင့် ကျောက်တုံးများသည် ရေကန်နှင့် ပိုက်လိုင်းများတွင် ပိတ်ဆို့ခဲ့ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု ယာယီရပ်ဆိုင်းခဲ့ရာမှ ဩဂုတ် ၈ ရက်မှစ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးခဲ့ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်း အလုပ်သမားများ လွတ်လပ်စွာ အလုပ်ပြောင်းရွှေ့ခွင့် ရရှိမည်



**ကော့သောင်း ဩဂုတ် ၁၀**

ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား လွတ်လပ်စွာ ကုမ္ပဏီ (အလုပ်ရှင်) ရွှေ့ပြောင်းလုပ်ကိုင်ခွင့်ကို ဩဂုတ် ၁၂ ရက်မှ စတင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားသည် ထိုင်းနိုင်ငံ၏ ယခင်အလုပ်သမားဥပဒေအရ အလုပ်သမားတစ်ဦးသည် လက်ရှိလုပ်ကိုင်လျက်ရှိသည့် ကုမ္ပဏီပိုင်ရှင်ဖြစ်သူ (သူဌေး) ခွင့်ပြုချက် (ဘိုင်ကျန့်အော့) ခေါ် အလုပ်ပြောင်းရွှေ့ခွင့် သူဌေးပြောင်းလက်မှတ်ရရှိမှသာ အလုပ်အကိုင်ပြောင်းရွှေ့လုပ်ကိုင်ခွင့်ပြုကြောင်း ပြဋ္ဌာန်းထားသည်။

ယင်းသို့ ပြဋ္ဌာန်းမှုကြောင့် လစာပိုမိုရရှိအဆင်ပြေမည့် အလုပ်အကိုင်အသစ်သို့ ပြောင်းရွှေ့လုပ်ကိုင်ရာတွင် လက်ရှိအလုပ်ရှင်၏ တားဆီးမှုများမှာ အခက်အခဲတစ်ခုအဖြစ် ရင်ဆိုင်နေကြရခြင်းကြောင့် ယခု ဩဂုတ် ၁၂ ရက်မှ စမွတ်ဆာခွန်ခရိုင် မဟာချိုင်နယ်မှ စတင်စမ်းသပ်ခြင်းဖြစ်သည်။

လက်ရှိတွင် ထိုင်းနိုင်ငံတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် နိုင်ငံအတွင်း လာရောက်လုပ်ကိုင်လျက်ရှိသည့် ရွှေ့ပြောင်းအလုပ်သမားများ လွတ်လပ်စွာအလုပ်ရှင် ပြောင်းရွှေ့လုပ်ကိုင်ခွင့်ဥပဒေအသစ်ကို ပြဋ္ဌာန်း၍ ကျင့်သုံးမည်ဖြစ်ရာ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများက အဆိုပါဥပဒေသစ်အား ကြိုဆိုကြသည်။ **ကျော်စိုး(ကော့သောင်းပြန်/ဆက်)**

### မိုးလေဝသထူးခြားသတင်းများအား ပြည်သူများသိရှိစေရန် ဆောင်ရွက်ပေး

**ကသာ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့တွင် နေ့စဉ်မိုးလေဝသသတင်းများအား အများပြည်သူများ သိရှိစေရန် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဩဂုတ် ၇ ရက်မှစတင်၍ အသိပေးကြေညာ စာရွက်များ ကပ်ထားလျက်ရှိသည်။

နေ့စဉ်မိုးလေဝသသတင်းများအား ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မိုးလေဝသသတင်း၊ ထူးခြားသတင်းများကို လူစည်ကားရာနေရာများဖြစ်သော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှေ့ နံရံကပ်ဘုတ်၊ ဧရာရွှေလီရှေ့ရှိ နံရံကပ်ဘုတ်နှင့် လူစည်ကားသည့်နေရာများဖြစ်သော ကားဂိတ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံများတွင် မိုးလေဝသသတင်း အသိပေးကြေညာစာရွက်များ ကပ်ပေးထားပြီး ပြည်သူအများသိရှိစေရန် အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးလေဝသ သတင်းများအချိန်နှင့်တစ်ပြေးညီသိရပါက လယ်ယာစိုက်ပျိုးတောင်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်းလမ်း၊ ရေလမ်းတွင် ခရီးသွားပြည်သူများအား ပို့ဆောင်ပေးနေသော ယာဉ်မောင်းသူများအတွက် များစွာအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

**ခရိုင်(ပြန်/ဆက်)**

### ကော့သောင်း–ဘုတ်ပြင်း အဝေးပြေးလမ်း ရေမြောင်းများတွင် ကွန်ကရစ်ပြွန်များ တပ်ဆင်ဆောင်ရွက်

**ခမောက်ကြီး ဩဂုတ် ၁၀**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ခမောက်ကြီးမြို့ ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းဘေးရေမြောင်းများတွင် ကွန်ကရစ်ပြွန်များ တပ်ဆင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၆ ရက်က ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ခမောက်ကြီးမြို့ ကော့သောင်း-ဘုတ်ပြင်းကားလမ်းဘေးနေရာတချို့သည် မိုးရာသီကာလများတွင် လမ်းဘေးတောင်စောင်းများမှ တောင်ကျရေများကြောင့် ကားလမ်းမကြီးပေါ် ဖြတ်သန်းစီးဆင်းခဲ့ကြောင်း သိရသည်။

ယင်းသို့ ကားလမ်းပေါ်ရေကျော်မှုများကြောင့် ယာဉ်များသွားလာမှုတွင် အန္တရာယ်ဖြစ်ပေါ်စေနိုင်သဖြင့် ရေကျော်သည့် နေရာတချို့သို့ မြို့ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တပ်နယ်မိသားစုများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့အစည်းများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ကွန်ကရစ်ရေမြောင်းပြွန်များဆောင်ရွက်ခဲ့သည်။ **ခမောက်ကြီး(ပြန်/ဆက်)**


**မွေးနေ့ဆုမွန်လွှာ**

ချစ်သော ခင်ပွန်း ဦးမျိုးစံ (Chairman ,မဟာဘောဂ ငွေရေးကြေးရေးကုမ္ပဏီလီမိတက်)၏ ၁၁-၈-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှောင်နှစ်ပေါင်း (၁၂၀)တိုင်အောင် အသက်ရှည်၊ ကျန်းမာစွာဖြင့် မျှော်မှန်းထားသော အောင်မြင်မှုပန်းတိုင်သို့ အမြန်ဆုံးရောက်ရှိပြီး "ကို" လိုချင်တော့်တနေသော ဘဝလေးကို အမြန်ဆုံးပိုင်ဆိုင်နိုင်ပါစေလို့ ဆုတောင်းလျက်-

**ချစ်ဇနီး - ဒေါ်ခင်စုလှိုင်အေး(ခ) ဒေါ်မေခါးသော်**
M.D (TrueTime Construction)



**ဆရာမဒေါ်ခင်ခင်ဌေးအတွက် ဂုဏ်ပြုဆုတောင်း**

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ပြည်စံအောင်(ထ၊ခွဲ) ကျောင်းရှိ ဆရာမဒေါ်ခင်ခင်ဌေး ၏ ၁၁-၈-၂၀၀၁ အလုပ်ဝင်ရက်အရ လာမည့် ၁၁-၈-၂၀၁၅ရက်တွင် ကျရောက်မည့် ပညာ့ခရီးလမ်း(၁၄)နှစ်ကျော် (၁၅)နှစ် ဝင်ရောက်ခဲ့ပြီးဖြစ်လို့ သုံးနာပြည့်ဝချစ်ဆရာအတွက် ဂုဏ်ပြုဆုတောင်းပေးလိုက်ပါသည်။ ပညာ့လမ်းခရီးဆူးပြောင့်ရှင်း၍ ရန်သူမျိုးငါးပါးလက်မှ လွတ်ကင်း စေသော်။

ချစ်သောတပည့်များ



**ဆေးတက္ကသိုလ်(၂) ရန်ကုန်**
**(၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်**

ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ (၄၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ၅-၉-၂၀၁၅ရက် (စနေနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို ၄-၉-၂၀၁၅ ရက် (သောကြာနေ့) နံနက်ပိုင်းတွင်လည်းကောင်း၊ ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည် ဖြစ်ပါ၍ အောက်ဖော်ပြပါ ဘွဲ့နှင်းသဘင် တက်ရောက်ရန် အကျုံးဝင်သူများ လျှောက်ထားနိုင်ပါသည်။

၁။ ၂၀၁၄- ခုနှစ်၊ စက်တင်ဘာလမှ ၂၀၁၅-ခုနှစ်၊ ဩဂုတ်လအထိ ဆေးလက်တွေ့ပါရဂူဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ဒီဂရီ၊ ဒီပလိုမာအောင်မြင်ပြီးသူများ

၂။ ၂၀၁၄ ခုနှစ်၊ ဇွန်လအတွင်း နောက်ဆုံးအမ်ဘီဘီအက် အပိုင်း(ခ) ပုံမှန် စာမေးပွဲအောင်မြင်ပြီး အလုပ်သင်ဆရာဝန် တာဝန်(၁)နှစ် တာဝန်ထမ်းဆောင်ပြီးသူများ (ထိုကာလမတိုင်မီက အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့ကိုသာ လျှောက်ထားခွင့်ရှိသည်။)

ဘွဲ့နှင်းသဘင်ကြေး - ၁၅၀၀/- (ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး - ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာပိတ်ရက် - ၁၄-၈-၂၀၁၅ရက် (သောကြာနေ့)

သတ်မှတ်ထားသောလျှောက်လွှာပုံစံတွင် ပြည့်စုံစွာ ဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (အဖြူအမည်း- ၁ လက်မခွဲ×၂ လက်မ) ဓာတ်ပုံ (၃) ပုံနှင့်အတူ လျှောက်ထားကြရမည်။

မှတ်ချက်။ ။ ဓာတ်ပုံတွင် အမျိုးသားများသည် လည်ကတုံးရှပ်နှင့် တိုက်ပုံ (သို့) အနောက်တိုင်းဝတ်စုံပြည့် နှင့် အမျိုးသမီးများသည် မြန်မာအကျီရင်ဖုံး (သို့) ရင်စေ့ နားရွက်ပေါ်ပုံဖြစ်ရမည်။ ဆံပင်ဆေးဆိုးထားခြင်းမရှိရပါ။

အသေးစိတ်အချက်အလက်များကို သိရှိလိုလျှင် ဤတက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းသဘင်ဌာနစိတ် ဖုန်း(၉၆၉၀၁၂၇- လိုင်းခွဲ -၂၀၈) နှင့် မော်ကွန်းထိန်း ဖုန်း (၉၆၉၉၈၅၂) သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**နော်မော်ရှင်း**
**မော်ကွန်းထိန်း**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**






**စက်သုံးဆီဆိုင်မြေနေရာရောင်းမည်**

ရန်ကုန်- မန္တလေး အမြန်လမ်း မိုင်တိုင်-၂၈၅ ယာဉ်ရပ်နားစခန်းအနီး၊ မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းမပေါ်၊ အမြန်လမ်း မှ (၂) မိနစ်ခန့်၊ နေရာကောင်း၊ ဆီဆိုင် ဆောက်လုပ်ခွင့်ကျပြီး၊ ပေ (၁၅၀×၁၂၀) ၆၀၀L
ဖုန်း-၀၉-၄၃၁၁၇၇၈၈

ကြော်ငြာ

## ဗသက(၉၃)သူရတပ်ခွဲကျောင်းဆင်းအရာရှိများသို့ ဖိတ်ကြားလွှာ

ဗသက(၉၃)သူရတပ်ခွဲကျောင်းဆင်းအရာရှိများ၏ ကျောင်းဆင်းနှစ်ပတ်လည်နှင့် သေဆုံးကျဆုံးသူများအတွက် ကောင်းမှုကုသိုလ်ပြုလှူဒါန်းခြင်းအခမ်းအနားကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)ရှိ သံဃာတော်အပါး(၄၂၀)အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါ၍ ကျောင်းဆင်းသူငယ်ချင်းအပေါင်း မိသားစုနှင့်အတူ တက်ရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေရာ - နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)
၆၂လမ်း၊ ၁၂လမ်းနှင့် ၁၄လမ်းကြား

ရက်စွဲ - ၂၆-၈-၂၀၁၅ရက် (နံနက် ၁၀ နာရီမှ ၁၂ နာရီထိ)

ဆက်သွယ်ရန် - အောင်မင်း-၀၉-၆၈၀၀၆၉၁၊ မျိုးခိုင်-၀၉-၄၀၂၅၅၅၇၇၂၊
သိန်းကျော်-၀၉-၆၅၀၀၁၅၃

## အိမ်ခြံမြေ ရောင်းမည်။

အကျယ်အဝန်း - ၄၀' X ၄၀' (ရေမီးအစုံ)၊အဝီစိတွင်းပါ
(တိုက်ခံ (၂)ထပ်အိမ်ပါ)

နေရာ - မြန်နန္ဒာလမ်း၊ (၁၁)ရပ်ကွက်၊ လှိုင်မြို့နယ်။

ဆက်သွယ်ရန် - 09 430 30 999, 09 79 3838383

သိန်း(၃၅၀၀)

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ရွှေဘို)ရှိ အခြေခံမော်တော်ယာဉ်မောင်းနှင်မှုသင်တန်းကျောင်းတွင် မော်တော်ယာဉ် အမောင်းသင်လေ့ကျင့်ရေးကျောင်းအတွက် (၁း၂၄) ဘိလပ်မြေကွန်ကရစ်ခင်းခြင်းလုပ်ငန်း (အရှည် ၁၅၀၀'-၀") (အကျယ် ၁၂'-၀") (အထူ ၆") (အောက်ခံမြေသားလုပ်ငန်းအပါအဝင်)အား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါ တင်သွင်းရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်ကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်-(၁၂)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(ရွှေဘို)တို့တွင် ၁၂-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၉-၉-၂၀၁၅ ရက် မွန်းတည့် ၁၂ နာရီတွင် နောက်ဆုံးထားတင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၁၂)၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၄၃၀၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅၊ ၀၉-၄၄၈၅၃၃၃၂၅၊ ၀၇၅-၂၁၀၆၇သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

## ဂိုဒေါင်ငှားချင်သည်/ မြေကွက်ဝယ်ချင်သည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် လုပ်ငန်းလုပ်ကိုင်ရန်အတွက် (၅)ဧကအကျယ်ရှိသောမြေကွက်ရချင်သည်။ ဂိုဒေါင်ပါလျှင် ပိုအဆင်ပြေသည်။ ပိုင်ရှင်ကိုယ်တိုင်မှ ဆက်သွယ်ပေးပါရန်

ဖုန်း- 09-31298724၊ 09-253245360

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးပိုင်၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(တောင်ကြီး)ရှိ အခြေခံမော်တော်ယာဉ်မောင်းနှင်မှုသင်တန်းကျောင်းတွင် မော်တော်ယာဉ် အမောင်းသင်လေ့ကျင့်ရေးကျောင်းအတွက် (၁း၂၄) ဘိလပ်မြေကွန်ကရစ်ခင်းခြင်းလုပ်ငန်း (အရှည်၁၅၀၀'-၀")(အကျယ်၁၂'-၀") (အထူ ၆") (အောက်ခံမြေသားလုပ်ငန်းအပါအဝင်)အား ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည်ဖြစ်ပါ၍ ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရေး ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်ကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်-(၁၂)ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့နှင့် ကုန်စည်ပို့ဆောင်ရေးဌာနခွဲ(တောင်ကြီး)တို့တွင် ၁၀-၈-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် ၇-၉-၂၀၁၅ရက် မွန်းတည့်၁၂နာရီတွင် နောက်ဆုံးထား တင်ဒါတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသောအချက်များကို ခရီးသည်ပို့ဆောင်ရေးဌာနခွဲအမှတ်(၁၂)၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၁-၂၉၁၃၅၂၊ ၀၉-၄၃၀၂၅၂၇၄၊ ၀၉-၈၃၀၂၅၀၅၊ ၀၈၁-၂၁၂၇၂၂၀၊ ၀၉-၂၅၀၁၈၉၈၈၄သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေး

## Better Life
ECSC Education & Career Supporting Centre

N5~N1 တန်းခွဲသစ်ဖွင့်ပြီ

- ဂျပန်နိုင်ငံ Tokyo မြို့နှင့် အခြားမြို့ကြီးများရှိ Language Schoolသို့ ဈေးနှုန်းချိုသာစွာဖြင့် သွားရောက်သင်ကြားလိုသူများ 2016 January Intake အတွက်Form များလက်ခံနေပါသည်။
- **100% Scholarship** (Master ဘွဲ့ - ဂျပန်တက္ကသိုလ်) စိတ်ဝင်စားသူများ စုံစမ်းနိုင်ပါသည်။ **(အခမဲ့ဝန်ဆောင်မှု)**
- ဂျပန်နိုင်ငံ အသိအမှတ်ပြု ဆရာဖြစ်သင်လက်မှတ်ရ ဂျပန်လူမျိုး ဆရာမကိုယ်တိုင် သင်ကြားပေးသော ဂျပန်စာ အခြေခံမှစ၍ အဆင့်မြင့်တန်း (N5~N1) တန်းခွဲသစ်များကို(15.8 2015) တွင်စမည်။

No.(410~411),4th FL, La Pyayt Wun Plaza, Dagon Township, Yangon.
Ph: 01 382529, 09 250649545 https://www.facebook.com/BetterLifeEducationCentre









ကြော်ငြာ

## ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ
## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရှိ ပစ္စည်းဟောင်းများအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၅-၈-၂၀၁၅ ရက်မှ ၄-၉-၂၀၁၅ ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ အမှတ်(၂၈)၊ ကုက္ကိုင်းရိပ်သာလမ်း၊ ဗဟန်းမြို့နယ်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

